# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၂)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား

## တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)မှတ်တမ်းကို အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင်


*စာမျက်နှာ ၃ ကော်လံ ၁* ✻


- ❑ **အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရသော အဓိကကျသည့်အဖွဲ့အစည်းဖြစ်၊**
- ❑ **မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေ**


**ဖြူစင်သောအမြင်၊ ရိုးသားသော အတွေးဖြင့် နှလုံးသားမှာ သစ္စာတည်** ဆောင်းပါး စာ-၆

**လီဆယ်ဝါဒနှင့် ကျွန်ပါးဝချင်သူများ** ဆောင်းပါး စာ-၈

**မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှုများ ဆက်လက်ပြုလုပ်သင့်** ဆောင်းပါး စာ-၁၃

## နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်နိုင်ရေးအတွက်

နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး အရေးကြီးသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကို အကြောင်းပြု၍ နိုင်ငံသားတိုင်းတွင် ရှိနေရမည့် အထောက်အထားဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ အမြောက်အမြားရှိနေသည်။ အသက် ၁၀ နှစ်နှင့်အထက် အထောက်အထား စာရွက်စာတမ်းမရှိသူ ၁၁ သန်းကျော်ခန့် (ရာခိုင်နှုန်းအားဖြင့် ၂၇ ဒသမ ၃၄ ရာခိုင်နှုန်း) ရှိသည်ဟု ဆိုထားရာ မနည်းလှသည့် အရေအတွက် ပမာဏပင်ဖြစ်သည်။ လာမည့်ရွေးကောက်ပွဲများတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုင်ဆောင်ထားသူများသာ ဆန္ဒမဲပေးနိုင်တော့မည်ဖြစ်ရာ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိ ကိုင်ဆောင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းစသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ကိုင်ဆောင်ထားနိုင်ခြင်း မရှိသည့် အခြေအနေ အကြောင်းရင်းများကို စူးစမ်းလေ့လာသုတေသနပြုသွားမည်ဆိုပါက နောင်တွင် ပြင်ဆင်ဆောင်ရွက်သွားနိုင်မည်ဟု ရှုမြင်မိသည်။

နိုင်ငံသားတစ်ယောက် မွေးဖွားလာသည်နှင့် မွေးစာရင်းပြုလုပ်ကြရသည်။ ဤမွေးစာရင်းသည် အသက်အတွက် အထောက်အထားဖြစ်ပြီး ကျောင်းနေရန်အတွက်လည်းကောင်း၊ နောင်အရွယ်ရောက်လာသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း အရေးကြီးသည်။ ကလေးအသက် ၁၀ နှစ်ပြည့်သောအခါတွင်လည်းကောင်း၊ ၁၈ နှစ်ပြည့်၍ အရွယ်ရောက်လာသောအခါတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုင်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားဖြစ်ကြောင်း အထောက်အထားဖြစ်ပြီး နိုင်ငံသားဖြစ်လာခြင်းအားဖြင့် နိုင်ငံသားအခွင့်အရေးများ ရရှိခံစားခွင့်ရှိသလို ဆန္ဒမဲပေးရန်၊ အလုပ်အကိုင်လျှောက်ထားရန်၊ လုပ်ငန်းထူထောင်ရန်၊ လုပ်ငန်းလိုင်စင်လုပ်ရန်၊ ယာဉ်မောင်းလိုင်စင်လုပ်ရန်၊ နိုင်ငံကူးလက်မှတ်လုပ်ရန် စသည်ဖြင့် နေရာများစွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို တင်ပြကြရသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေအများစုမှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည်။ မိသားစုအသက်မွေးဝမ်းကျောင်းမှုအရ ရွှေ့ပြောင်းသွားလာကြရသည်များလည်း ရှိသည်။ အရွှေ့အပြောင်း အသွားအလာများပြားသလောက် အထောက်အထားများမှာလည်း တစ်ပါတည်း ရွှေ့ပြောင်းသွားနိုင်ရန် မလွယ်ကူခြင်းများ၊ ရေဘေး၊ လေဘေး၊ မီးဘေး၊ စစ်မက်ဘေးတို့ကြောင့် အထောက်အထားများ မရှိတော့သည့် အခြေအနေများ၊ အဖမဲ့အခြေအနေ၊ မိဘမဲ့အခြေအနေစသည့် လူမှုရေးဆိုင်ရာများစသည်ဖြင့် အကြောင်းမျိုးမျိုးကြောင့် အထောက်အထားအခက်အခဲရှိသူများ၊ သက်ဆိုင်ရာ လဝကရုံးများနှင့် အလှမ်းဝေးသည့် ဒေသများတွင် နေထိုင်သူများတို့မှာ နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်ရှိနေရန် ခဲယဉ်းကြလိမ့်မည်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရမည့် ဦးရေ ၃ ဒသမ ၈ သန်းကျော်ကို ပန်းခင်းစီမံချက်ဖြင့် ၁၈ လကြာ ဆောင်ရွက်သွားတော့မည်ဖြစ်ရာ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မှာကြားထားပြီး ပန်းခင်းစီမံချက်နှင့် စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား သွေးအုပ်စုခွဲခြင်းလုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့်လည်း ပြောကြားထားသည်။

နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်ထားနိုင်ရေးသည် ကာယကံရှင်နိုင်ငံသားတစ်ဦးချင်းစီအတွက် အရေးကြီးသလို နိုင်ငံအတွက်လည်း အရေးကြီးသည်။ အထောက်အထားမဲ့နိုင်ငံသားများ သန်းနှင့်ချီ၍ များပြားနေခြင်းသည် နိုင်ငံသားများကရော သက်ဆိုင်ရာဌာနတို့ကပါ မဖြစ်မနေဆောင်ရွက်ကြရမည့် အလုပ်များကို လစ်ဟာပျက်ကွက်နေခြင်းဖြစ်သည့်အလျောက် နိုင်ငံသားတို့၏ တာဝန်၊ နိုင်ငံ့ဝန်ထမ်းတို့၏ တာဝန်ကို ကိုယ်စီကျေပွန်စွာ ထမ်းဆောင်ကြရပါမည့်အကြောင်း ။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၂**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်း၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်စိုးဦး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တ ဇနိန္ဒထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဥပုသ် ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ် ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းပြီး ပေါက်မြိုင်ကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(၁၂၉) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မှ စတင်ကာ မေ ၂၆ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၂၂

**သုတဝေဖြာသီရိဂေဟာ မိသားစု ပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၄) ကို မေ ၂၃ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။**




အဆိုပါ ပွဲစဉ် (၁၄) ၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ဝိုင်းလမင်းအောင်နှင့် ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို (ယနေ့) မေ ၂၃ ရက်နှင့် မေ (၂၄၊ ၂၅) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ(၃)စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/myanmarnewspaper၊ https://www. moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**○ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ■ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမှစ၍ အားကစား ပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း များစွာ ကျဆင်းခဲ့

# ■ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေး ခြင်းပင်ဖြစ်

# ■ အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အားပေး ဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလို

※ ရှေ့ဖုံးမှ

**အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့် အဖွဲ့အစည်းဖြစ်**ကြောင်း၊ **မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေ** ကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

### အရည်အသွေးကောင်းမွန်ရန်လို

စီးပွားရေးကောင်းမွန်ရေးနှင့် ပတ်သက်၍ ဈေးကွက်ရရှိမည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန်လိုအပ်သဖြင့် စနစ်ကျသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ **မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာ ရရှိရန်အတွက် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ရန်လို**ကြောင်း၊ ထို့အပြင် ထုတ်ကုန်ပစ္စည်းများအား အဆင့်ဆင့်ရောင်းချခြင်းများကို တတ်နိုင်သမျှ လျှော့ချရန် လိုကြောင်း၊ **ကုန်ထုတ်လုပ်သူများနှင့် တောင်သူများအနေဖြင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ ကုန်ဈေးနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်လာမည်ဖြစ်** ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်သည့် ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ၏ပကတိအခြေအနေများနှင့် ချိန်ထိုးစဉ်းစား၍ နိုင်ငံ့ဘဏ္ဍာငွေများအလေအလွင့် မဖြစ်ပေါ်စေရေးဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စားနပ်ရိက္ခာပေါများရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရသည်များနှင့် အားပေးဆောင်ရွက်ပေးနေမှုများရှိကြောင်း၊ မြစ်ချောင်းများအတွင်း ငါးသယံဇာတပေါများစေရေးနှင့် **လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ ရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိ** ကြောင်း၊ **ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လို**ကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စားရေရိက္ခာပေါများရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုကြောင်း။

တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များရှိရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ဝင်ငွေနှင့်မျှတသည့် အာဟာရပြည့်ဝသော အစားသောက်များ စားသုံးနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိ** ကြောင်း၊ **ထို့ကြောင့် ပြည်သူများကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လို**ကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံအပါအဝင် အခြား **နိုင်ငံအချို့တွင်လည်း COVID-19 ရောဂါကူးစက်မှုများ မြင့်မားလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း COVID-19 ရောဂါကာကွယ်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လို**ကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် မိမိတို့အနေဖြင့် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်ပေးမည်

အားကစားကဏ္ဍနှင့်ပတ်သက်၍ အားကစားများပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည် ဖြစ်ကြောင်း၊ အလွယ်ကူဆုံးအားကစားနည်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင် ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ အားကစားပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း များစွာကျဆင်းခဲ့** ကြောင်း၊ **အားကစားပြိုင်ပွဲများပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်** ကြောင်း၊ **အားကစားနှင့်ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလို** ကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ရာတွင် ကစားကွင်းများကောင်းမွန်ရေးသည်လည်း အဓိကကျသဖြင့် လိုအပ်သည့် အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့် **နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရ**ကြောင်း၊ **ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေး မြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများအတွက် ၎င်းတို့ပညာ အရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်**သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ **တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ** ကြောင်း၊ အခြေခံပညာအတွက် ဆရာ၊ ဆရာမများကို သင်ကြားမှု သင်ယူမှု အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးကဏ္ဍတွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းသူများ များပြားလာစေရေးအတွက်လည်း တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များ ထည့်သွင်းသင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်ပညာရပ်များ သင်ကြားချိန်တွင် စီးပွားရေးနှင့်ပတ်သက်သည့် ပညာရပ်များကိုလည်း အထူးပြုသင်ကြားနိုင်ရေး အားပေးဆောင်ရွက်သွားစေလိုကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

### အမြန်ဆုံးပြန်လည်ဝင်ရောက်

ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့် ပတ်သက်၍ ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ **အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့ တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိ** ကြကြောင်း၊ **ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်မဟုတ်** ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ အနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါ**ကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

### စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရေး (ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၄ သို့*

> **"လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ ရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လို"**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၃ မှ*

**ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့် ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိ**ကြောင်း၊ **နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေး အတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်**ကြောင်း၊ ပန်းခင်းစီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရမည့် ဦးရေ ၃ ဒသမ ၈ သန်းကျော် ရှိပြီး စီမံချက်ကာလ ၁၈ လ ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား သွေးအုပ်စုခွဲခြင်း လုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံအုပ်ချုပ်ရေး ကောင်စီအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများရှိကြောင်း၊ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများရှိပြီး ပြည်ပနိုင်ငံများမှ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိကြောင်း၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အစိုးရနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ခွဲခြားနားလည်စေရန် ရှင်းလင်း ပြောကြားစေလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု နှောင့်နှေးမှုမရှိစေရန်အတွက် မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အနာဂတ်တွင် ပညာတတ်များရှိရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ကြရန်** ထပ်မံတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ **အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိ**

❍ **ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်မဟုတ်**

## မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ယာပုံ)

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်ကို အဆင့်မြင့်ပညာဦးစီးဌာန၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ ကျေးရွာ ရပ်ကွက်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့

**နေပြည်တော် မေ ၂၂**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများဆောင်ရွက် နေစဉ်ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေ လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရေဥက္ကံကျေးရွာ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၂၁) ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၉၅၀၅ စုတို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာရပ်ကွက်(၂) အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၃၅၀ တို့အတွက် ဆန်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများကို အဆိုပါ ရပ်ကွက်ဓမ္မာရုံ၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပိတ်ထားသည့် ဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်

ပိတ်ထားသည့် ဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတကာနယ်ပယ်တွင်လည်း ဝင်ဆံ့မည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသူများဖြစ်သဖြင့် ၎င်းလုပ်ငန်းများကို တိုးတက်အောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးပြည့်မီ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ တင်သွင်းဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၂၂

**မြန်မာနိုင်ငံအနေဖြင့် ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးစေ့များ ထပ်မံတင်သွင်းဖြန့်ဖြူးနိုင်သော အလားအလာနှင့် အခွင့်အလမ်းများ များစွာရှိနေသည့် အားသာချက်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် အရည်အသွေးကောင်းပြီး၊ ဈေးနှုန်းသင့်တင့်သော စိုက်ပျိုးရေးသွင်းအားစုများ ရရှိသုံးစွဲနိုင်ရေးကို အလေးထားပြီး စိုက်ပျိုးရေးသွင်းအားစုများ စီးပွားဖြစ်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအတွက်လည်း မျှတသောအကျိုးအမြတ်ရရှိရန် ဖန်တီးဖော်ဆောင်နိုင်မှသာ ရေရှည်တည်တံ့သည့် စီးပွားရေးကွင်းဆက်တစ်ခုကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။** (အောက်ပုံ)



ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး သွင်းအားစုများ အရည်အသွေးပြည့်မီစွာဖြင့် ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးရာသီအမီတင်သွင်း ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

### ထပ်မံတင်သွင်း ဖြန့်ဖြူး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှု၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲမှု ပမာဏမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလျက်ရှိရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO-Stat website တွင် ဖော်ပြထားချက်အရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပိုးသတ်ဆေးတန်ချိန် (၃)ထောင်ကျော် သုံးစွဲခဲ့ပြီး ထိုင်းနိုင်ငံက တန်ချိန် (၃)သောင်းကျော်၊ ဗီယက်နမ်နိုင်ငံက တန်ချိန်(၂) သောင်းကျော်သုံးစွဲခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ယူရီးယားမြေဩဇာ တန်ချိန်(၁) သိန်း(၈)သောင်းကျော် သုံးစွဲခဲ့ပြီး ထိုင်းနိုင်ငံ၌ တန်ချိန် (၁၈)သိန်းကျော်၊ ဗီယက်နမ်နိုင်ငံ၌ တန်ချိန် (၁၄)သိန်းကျော် သုံးစွဲခဲ့ကြောင်း၊ မျိုးစေ့ကဏ္ဍအနေဖြင့် လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက်တစ်ဟက်တာအတွက် မျိုးစေ့ ဖိုးသုံးစွဲငွေ ၁၆ ဒေါ်လာသာ ရှိနေချိန်တွင် ထိုင်းနိုင်ငံ၌ ၁၁၇ ဒေါ်လာ၊ ဗီယက်နမ်နိုင်ငံက ၅၉ ဒေါ်လာ သုံးစွဲနေသည့် တွေ့ရှိချက်များအရ မိမိတို့နိုင်ငံ၏ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးစေ့များ ထပ်မံတင်သွင်း ဖြန့်ဖြူးနိုင်သော အလားအလာနှင့် အခွင့်အလမ်းများ များစွာရှိနေသည့် အားသာချက်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးကောင်း စိုက်ပျိုးရေးသွင်းအားစုများကို တောင်သူများ အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ တင်သွင်းတင်ပို့မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုလွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်ကြစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ငွေကြေးနှင့်အချိန် ကုန်ကျမှုသက်သာစေရန်တို့အတွက် ကြိုးပမ်း စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ထောက်ခံချက်များကို Myanmar Agricultural Inputs Registration System (MAIRS) စနစ်ဖြင့် online မှ အလွယ်တကူ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါ online စနစ်၏ အားသာချက်၊ အားနည်းချက်များကိုလည်း ယနေ့အစည်းအဝေးတွင် ကုမ္ပဏီများဘက်က သုံးသပ်ဆွေးနွေးပေးကြစေလိုကြောင်း၊ မှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခြင်းကိုလည်း မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ နည်းပညာအဆင့်နှင့် အမျိုးသားအဆင့် ကော်မတီအစည်းအဝေးများတွင် MAIRS online စနစ် အသုံးပြုပြီး လုပ်ငန်းစဉ်တစ်ခုလုံး၌ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက စိုက်ပျိုးရေးသွင်းအားစုများ စိုက်ပျိုးရာသီအမီတင်သွင်း၊ ဖြန့်ဖြူးနိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်ရေး၊ ဈေးနှုန်းသင့်တင့်မျှတစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ပြည်ပမှ တိုက်ရိုက်တင်သွင်းခြင်း၊ ပြည်တွင်းထုတ်လုပ်မှုအတွက် ကုန်ကြမ်းတင်သွင်းခြင်းလုပ်ငန်းများအတွက် နိုင်ငံခြားငွေ အချိန်မီ လဲလှယ်ရရှိရေးနှင့် လျင်မြန်စွာပြောင်းလဲနေသော ငွေကြေးလဲလှယ်မှုနှုန်းထားသက်သာစေရေးအတွက် နိုင်ငံတော်မှ ကူညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များ လုပ်ငန်းရှင်များအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ MAIRS စနစ်ဖြင့် online လုပ်ငန်းစဉ် အသုံးပြုဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

### ပါဝင်တက်ရောက်

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းနှင့် စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများမှ ကိုယ်စားလှယ် ၃၈ ဦးတို့ ပါဝင်တက်ရောက်ကြသည်။

လယ်ယာကဏ္ဍတွင် အသုံးပြုရန် ပြည်ပမှ ဝယ်ယူတင်သွင်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ယူရီးယားတန် ၆၇၀၀၀၀ ၊ ပိုးသတ်ဆေး တန် ၁၆၀၀၀ နှင့် မျိုးစေ့ တန် ၅၀၀၀ တင်သွင်းပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီးသော ပိုးသတ် ဆေးကုမ္ပဏီ ၃၇၇ ခု ၊ ရာနှုန်းပြည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော ပိုးသတ်ဆေးကုမ္ပဏီ ငါးခု ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီ ၂၂ ခု ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချနေသော ကုမ္ပဏီ လေးခု၊ မှတ်ပုံတင်ခွင့်ပြုပြီးသော ဓာတ်မြေဩဇာကုမ္ပဏီ ၆၃၇ ခု၊ ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော ဓာတ်မြေဩဇာ ကုမ္ပဏီ ရှစ်ခု ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ရွှေဘိုမြို့၊ မုံရွာမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ တမူးမြို့၊ မြင်းမူးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဇောင်းတူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၁ ဒသမ ၃၂ လက်မနှင့် မုဒုံမြို့တွင် ၁ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဖြူစင်သောအမြင်၊ ရိုးသားသောအတွေးဖြင့် နှလုံးသားမှာ သစ္စာတည်

## မောင်ပြည်ချစ်

နိုင်ငံတစ်နိုင်ငံဟူ၍ သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါရပ်များမှာ (၁)လူဦးရေ၊ (၂) သတ်မှတ်ထားသောနယ်မြေ၊ (၃) အစိုးရ၊ (၄) အချုပ်အခြာအာဏာတို့ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို အခြားသောနိုင်ငံများက အသိအမှတ်ပြုလက်ခံမှုမှာ ဖော်ပြပါအချက်လေးချက် ပြည့်စုံညီညွတ်မှုရှိမှုအပေါ်တွင် အဓိကမူတည်နေပါသည်။ ယင်းအချက်များသည် ပါးစပ်ပြော၊ လေထဲကစကားများဖြင့် သက်သေပြ၍ မရနိုင်ပါ။

> ❑ ထိုင်စရာ ရုံးခန်းမရှိ၊ လူမြင်ကွင်းတွင် ခေါင်းမော့ရင်ကော့ကာ မသွားနိုင်၊ မလာနိုင်၊ မလှုပ်ရှားနိုင်ကြသောသူများ ဖွဲ့စည်းထားသည့်အစိုးရကို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းက တရားဝင် အသိအမှတ်ပြုကြမလဲ။ ကြေညာချက်များ ထုတ်ပြန်ခြင်းနှင့် တရားမဝင်သူ ဝရမ်းပြေးများ အချင်းချင်း အွန်လိုင်းပေါ်က ဝါဒဖြန့်၊ ဟစ်အော်ကြိမ်းဝါး နေကြမှုများကို ယုံကြည်အားပေးနေသူများအတွက် ရလဒ်က ဗလာနတ္ထိသာဖြစ်မည်

တစ်ချက်ချင်းစီတိုင်းတွင် ခိုင်မာသော ဖြစ်တည်မှု၊ တိကျသေချာသော လုပ်ဆောင်မှု၊ စည်းကမ်းစနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် ယထာဘူတကျစွာ မောင်းနှင်လည်ပတ်ကြရပါသည်။ စိတ်ခံစားချက်ကို ရှေ့တန်းတင်ပြီး လိုရာဆွဲတွေး အသိချည့်နဲ့ သတိကင်းမဲ့နေကြသော အတ္တဝါဒီများ၏ အခြေအမြစ်မရှိသော စိတ်ကူးယဉ်ဇာတ်လမ်းများထဲတွင် ဘဝနစ်မွန်းနေကြရှာသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

### ဗလာနတ္ထိ

**ထိုင်စရာ ရုံးခန်းမရှိ၊ လူမြင်ကွင်းတွင် ခေါင်းမော့ရင်ကော့ကာ မသွားနိုင်၊ မလာနိုင်၊ မလှုပ်ရှားနိုင်ကြသောသူများ ဖွဲ့စည်းထားသည့်အစိုးရကို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းက တရားဝင် အသိအမှတ်ပြုကြမလဲ။ ကြေညာချက်များထုတ်ပြန်ခြင်းနှင့် တရားမဝင်သူ ဝရမ်းပြေးများအချင်းချင်း အွန်လိုင်းပေါ်က ဝါဒဖြန့်၊ ဟစ်အော်ကြိမ်းဝါးနေကြမှုများကို ယုံကြည်အားပေးနေသူများအတွက် ရလဒ်က ဗလာနတ္ထိသာဖြစ်မည်။**

အခြေခံအုတ်မြစ်၊ တိုင်းပြည်နိုင်ငံအတွက် ခိုင်မာသော ယန္တရားနှင့် မူဝါဒမရှိသော "လေထဲတိုက်အိမ်ဆောက်၊ မစားရဝခမန်း" အွန်လိုင်းပေါ်က ကိုယ့်ကိုယ်ကိုယ်မြှောက် ကိုယ်ပျောက်အစိုးရသည် မတည်ငြိမ်ခြင်း၊ မအေးချမ်းခြင်း၊ ပုံမှန်လူနေမှုဘဝများကို ပျက်ပြားစေခြင်းနှင့် တရားဥပဒေစိုးမိုးမှုများကို ထိပါးစော်ကားနေကြခြင်းများဖြင့် အရှက်မဲ့စွာ၊ သိက္ခာပျက်ယွင်းစွာ မိုက်လုံးကြီးကြီးဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ယင်းတို့၏ ဦးတည်ချက်နှင့် အယူအဆများသည် အလုံးစုံပျက်သုဉ်းရေးနှင့် တစ်စစီ ပြိုကွဲပျက်စီးရေးကိုသာ တစိုက်မတ်မတ် လျှောက်လှမ်းနေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ ဝရမ်းပြေး၊ ပြည်ပြေးများဖြင့် ဖွဲ့စည်းထားသော အစိုးရကို အားပေးအားမြှောက်ပြုနေသော ပြည်ပအဖွဲ့အစည်းများ၏ မှိုင်းတိုက်သော စကားလုံးများကြောင့် ဒုက္ခတွင်းသို့ မသိနားမလည်စွာ သက်ဆင်းမိနေကြသော လူငယ်လူရွယ်များ အမြင်မှန်၊ အတွေးမှန်၊ အယူအဆမှန်များ ရချိန်တန်ပြီဖြစ်ပါသည်။ လမ်းမှားပေါ်တွင် လမ်းမပျောက်ကြစေဖို့ မိဘအုပ်ထိန်းသူများ၏ လမ်းပြသွန်သင်ဆိုဆုံးမမှုများသည်လည်း အထူးအခရာ ကျလှပါသည်။

တိကျသေချာသည့် ရည်မှန်းချက်ပန်းတိုင်အတွက် အခြေခံကောင်းသည့် မူဝါဒနှင့် စီမံလုပ်ဆောင်ချက်များရှိရန် လိုအပ်ပါသည်။ ယခုဖြစ်စဉ်များတွင် ရေရေရာရာ သေချာမှုမရှိသော ဗလာနတ္ထိလမ်းစဉ်များသည် ပြည်သူနှင့် နိုင်ငံအတွက် အဆိပ်အတောက်များသာ ဖြစ်နေပေသည်။

### မင်းမဲ့စရိုက်

**လူအချင်းချင်း မမြင်နိုင်၊ မသိနိုင်သော စွပ်စွဲချက်များဖြင့် ရက်ရက်စက်စက် သတ်ဖြတ်နေမှုသည် ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ ငါနှင့်မတူ ငါ့ရန်သူဆိုသည့် သဘောထားဖြင့် လူအချင်းချင်း ဖြည့်တွေးနားလည်ပေးခြင်း အလျှင်းမရှိဘဲ အရှက်ခွဲမှုများကို နည်းလမ်းမျိုးစုံ သုံးနေကြခြင်းသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ အများနှင့် သက်ဆိုင်သည့် တရားရုံး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် ရုံးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေမှုများသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။**

မင်းမဲ့စရိုက် ပြုမူ၊ ပြောဆို၊ လုပ်ဆောင်နေမှုများကို ကောင်းချီးသြဘာပေး လက်ခုပ်လက်ဝါးတီးနေကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ အခြေအနေများဖြစ်ပါသည်။ လူသားအချင်းချင်း ကိုယ်ချင်းစာတရားကင်းမဲ့စွာ အဖျက်လုပ်ရပ်များဖြင့် နိုင်ငံနှင့် ပြည်သူများ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေကြသူများသည် မည်သို့မည်ပုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ကြမည်နည်း။ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီ ဘယ်သောအခါမှ မရနိုင်သည်မှာ အသေအချာပင်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်မှုများတွင် နိုင်ငံတော်၏ အဓိကအင်အားစုဖြစ်သော နိုင်ငံ့ဝန်ထမ်းများ ပါဝင်ပတ်သက်မှု မရှိကြစေရန်မှာ အရေးကြီးပါသည်။

### နိုင်ငံ့ဝန်ထမ်း

**နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို မိမိတို့ ကျွမ်းကျင်သည့်ကဏ္ဍမှ သစ္စာရှိစွာ အရည်အချင်း ပြည့်ပြည့်ဝဝနှင့် ဆောင်ရွက်ခြင်းဖြင့် အရေးပါအရာရောက်ပုံကို တစ်နေ့တခြား သိမြင်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းတို့၏ အရည်အချင်းပြည့်ဝရေးနှင့် လုပ်ငန်းတွင် ကျေနပ်နှစ်သိမ့်မှုရရေးအတွက် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းသေဝပ်မှု၊ လုပ်ရည်ကိုင်ရည်ပြည့်ဝမှုတို့ တိုးတက်ကောင်းမွန်လာရန် ပြည်သူ့တာဝန်များ စွမ်းအားပြည့် ဆောင်ရွက်ခြင်းနှင့် အစိုးရယန္တရားကို စနစ်တကျ ပုံမှန်လည်ပတ်အောင် ဆောင်ရွက်ကြရမည့် တာဝန်ရှိကြပါသည်။**

နိုင်ငံ့ဝန်ထမ်းများသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည်-

( ၁ ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊
(၃) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊
(၄) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
( ၅ ) မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊
( ၆ ) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်း အဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊
( ၇ ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊
( ၈ ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊
( ၉ ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊
(၁၀) တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၁) လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၂) ပြည်သူကို ရိုသေလေးစားခြင်း စသည့်

တာဝန်များကို လိုက်နာစောင့်ထိန်းကြရမည်ဖြစ်သည်ကို စည်းကမ်းပြည့်ဝပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးလိုလားစွာ သယ်ပိုးဆောင်ရွက်လိုသည့် ဝန်ထမ်းကောင်းတိုင်း အပြည့်အဝ ကျင့်ကြံလိုက်နာကြပေသည်။

**စနစ်တကျဖြစ်တည်ဖွဲ့စည်းထားသော သစ္စာစောင့်သိမှုဖြင့် မိမိတို့၏ အတတ်ပညာ အသိပညာဖြင့် ပြည်သူများအကျိုး၊ တိုင်းပြည်နိုင်ငံအကျိုး သယ်ပိုးစွမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို နည်းလမ်းမျိုးစုံသုံးပြီး အဖျက်အမှောင့်ပယောဂ အသွယ်သွယ်ဖြင့် သွေးခွဲသပ်လျှို အပင်းသွင်းလုပ်ဇာတ်ခင်းနေကြသော တရားလက်လွတ်အမိုက်မှောင်တွင်းက ပညာမဲ့ အတ္တသားကောင်လို လူဆိုးလူမိုက်များ၏ အန္တရာယ်ရန်စွယ်သည် ပြည်သူတစ်ဦးချင်း၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သောအမြင် ဓမ္မအတွေးများဖြင့် ဆင်ခြင်ကြမှသာ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးလမ်းသည် အမြန်ဆုံး ချောမွေ့ဖြောင့်တန်းမည် ဖြစ်ပါသည်။**

### လုပ်စားမီဒီယာ

မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာမှုမရှိ၊ ထင်တိုင်းကြဲ၊ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး တိုင်းပြည်တစ်စစီ ပြိုကွဲပျက်စီးစေရန် ဦးတည်လုပ်ဆောင်နေသော လုပ်စားမီဒီယာများ၏ ရပ်တည်ချက်ကို ကြည့်တတ်ပါက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။ သမိုင်းအစဉ်အဆက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို မီဒီယာနည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်ချည်းဖြစ်ပါသည်။

**အစဉ်အဆက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်ချည့်နဲ့စေရန်၊ နိုင်ငံသူနိုင်ငံသားအချင်းချင်း သံသယများဖြင့် မယုံမကြည်စိတ်များ ကြီးစိုးစေရန်စသည့် လုပ်ကြံဖန်တီး သွေးထိုးသပ်လျှိုသော သတင်းတု၊ သတင်းမှား၊ ချဲ့ကား**

> ✣ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို မိမိတို့ ကျွမ်းကျင်သည့်ကဏ္ဍမှ သစ္စာရှိစွာ အရည်အချင်း ပြည့်ပြည့်ဝဝနှင့် ဆောင်ရွက်ခြင်းဖြင့် အရေးပါအရာရောက်ပုံကို တစ်နေ့တခြား သိမြင်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းတို့၏ အရည်အချင်း ပြည့်ဝရေးနှင့် လုပ်ငန်းတွင် ကျေနပ်နှစ်သိမ့်မှုရရေးအတွက် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းသေဝပ်မှု၊ လုပ်ရည်ကိုင်ရည်ပြည့်ဝမှုတို့ တိုးတက် ကောင်းမွန်လာရန် ပြည်သူ့တာဝန်များ စွမ်းအားပြည့် ဆောင်ရွက်ခြင်းနှင့် အစိုးရယန္တရားကို စနစ်တကျ ပုံမှန်လည်ပတ်အောင် ဆောင်ရွက်ကြရမည့် တာဝန်ရှိကြ

*စာမျက်နှာ ၈ သို့*

# မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က တရားမဝင် စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထား



ဒူဝါလရှီးလ | မန်းဝင်းခိုင်သန်း | ဒေါ်ဇင်မာအောင်
ဦးလွင်ကိုလတ် | ဦးရည်မွန် | လျန်မှုန်းဆာခေါင်း
ဦးတင်ထွန်းနိုင် | ဒေါက်တာ ဝင်းမြတ်အေး | ဒေါက်တာ ဆာဆာ
ဒေါက်တာ ဇော်ဝေစိုး | ဒေါက်တာ တူးခေါင် | နော်ဆူဇန်နာလှလှစိုး



ဦးမိုးဇော်ဦး | ခူထဲဘူး | ဒေါ်ခင်မမျိုး
နိုင်ကောင်းရှက် | ဦးချစ်ထွန်း | မိုင်းဝင်းထူး
မင်းဇေယျာဦး | နော်ထူးဖော | ဂျာထွယ်ပန်
ဒေါက်တာ ရွှေပုံ | ခွန်းဘီထူး | ဒေါ်အိသန္တာမောင်

**နေပြည်တော် ဧပြီ ၂၂**

မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw– CRPH) သည် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရကို အဖွဲ့ဝင် ၁၄ ဦးဖြင့် တရားမဝင်ဖွဲ့စည်းခဲ့ကြောင်းနှင့် ဒုတိယဝန်ကြီး ၁၂ ဦးကိုလည်း တရားမဝင် ခန့်အပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းနေ့၌ပင် အဆိုပါ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် Video Conferencing ဖြင့် CRPH က တင်မြှောက်သည့် နာယက မကွေးတိုင်းဒေသကြီး၊ အမှတ်(၆)မဲဆန္ဒနယ်၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (ဟောင်း) ဦးအောင်ကြည်ညွန့်က ဦးဆောင်ပြီး CRPH အဖွဲ့ဝင် သာကေတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ဟောင်း) ဒေါက်တာဝေဖြိုးအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ကျမ်းသစ္စာကျိန်ဆိုပွဲ ပြုလုပ်ကြောင်း တွေ့ရှိရသည်။

CRPH က ထိုသို့ တရားမဝင် စင်ပြိုင်အစိုးရ ဖွဲ့စည်းခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တရားဝင် တည်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအား ဖြိုဖျက်ရန်အားထုတ်ရာ ရောက်သဖြင့် စင်ပြိုင်အစိုးရ ဖွဲ့ရာတွင် ပါဝင်သူများ၊ အစိုးရ ဖွဲ့နိုင်ရန် ပါဝင်ဆောင်ရွက်သူများသည် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ လည်းကောင်း၊ မတရားအသင်း ဖြစ်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) က ဖွဲ့စည်းသော အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ယင်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များတွင် ပါဝင်ခြင်းကြောင့် မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၇ (၁) အရ လည်းကောင်း ပြစ်မှုကျူးလွန်ရာရောက်သဖြင့် တရားမဝင်စင်ပြိုင်အစိုးရအဖွဲ့တွင် ပါဝင်သူများ၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ထားသူများနှင့် စင်ပြိုင်အစိုးရဖွဲ့စည်းရာတွင် ပါဝင်ဆောင်ရွက်သူများ ဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တရားရုံးများနှင့် ရဲစခန်းအသီးသီးတွင် တရားစွဲဆိုခြင်း၊ အမှုဖွင့်အရေးယူခြင်းများ ဆောင်ရွက်ထားရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားရှိသည်–

(၁) ဒူဝါလရှီးလ
(၂) မန်းဝင်းခိုင်သန်း
(၃) ဒေါ်ဇင်မာအောင်
(၄) ဦးလွင်ကိုလတ်
(၅) ဦးရည်မွန်
(၆) ဒေါက်တာ လျန်မှုန်းဆာခေါင်း
(၇) ဦးတင်ထွန်းနိုင်
(၈) ဒေါက်တာ ဝင်းမြတ်အေး
(၉) ဒေါက်တာ ဆာဆာ
(၁၀) ဒေါက်တာ ဇော်ဝေစိုး
(၁၁) ဒေါက်တာ တူးခေါင်
(၁၂) နော်ဆူဇန်နာလှလှစိုး
(၁၃) ဦးမိုးဇော်ဦး
(၁၄) ခူထဲဘူး
(၁၅) ဒေါ်ခင်မမျိုး
(၁၆) နိုင်ကောင်းရှက်
(၁၇) ဦးချစ်ထွန်း
(၁၈) မိုင်းဝင်းထူး
(၁၉) မင်းဇေယျာဦး
(၂၀) နော်ထူးဖော
(၂၁) ဂျာထွယ်ပန်
(၂၂) ဒေါက်တာ ရွှေပုံ
(၂၃) ခွန်းဘီထူး
(၂၄) ဒေါ်အိသန္တာမောင်
(၂၅) ဦးအောင်ကြည်ညွန့်
(၂၆) ဒေါက်တာ ဝေဖြိုးအောင်



ဦးအောင်ကြည်ညွန့် | ဒေါက်တာ ဝေဖြိုးအောင်

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

အနိုင်ရရှိရန် အားစိုက်ကစားလာခဲ့သည်။ အင်တာမီလန်အသင်းကလည်း ဒုတိယနေရာမှ အေစီမီလန်အသင်းကို အမှတ် ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် အကောင်းဆုံးပြင်ဆင်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် အင်တာမီလန်အသင်း၌ ပါရီဆစ်၊ မာတီနက်ဇ်၊ လူကာကူ၊ ဟန်ဒါနိုဗဆစ် စသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာသည်။ စပီဇီယာအသင်းကလည်း ဖာရာ၊ တာဇီ၊ ရစ်စီ၊ ပစ်ကိုလီ၊ ဖာရီယပ်စ် စသည့် အဓိကကစားသမားများဖြင့် အင်တာမီလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ နှစ်သင်းစလုံးနိုင်ပွဲရရှိရန် လိုအပ်နေသည့်အတွက် ပွဲမှာ အပြန်အလှန်ထိုးဖောက်မှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို စပီဇီယာအသင်းက ရရှိခဲ့ပြီး ပွဲချိန် ၁၂ မိနစ်တွင် ဖာရီယပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။

အင်တာမီလန်အသင်းကလည်း အဆိုပါ ဦးဆောင်ဂိုးကို ပြန်လည်ချေပနိုင်ရန်အတွက် ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၉ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ပါရီဆစ်က သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ကစားကွက်အပြောင်းအလဲအဖြစ် နှစ်သင်းစလုံး လူစားလဲမှုပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိဘဲ ပထမပိုင်းသွင်းဂိုးများဖြင့် ပွဲပြီးဆုံးခဲ့သည်။

အင်တာမီလန်အသင်းသည် ယနေ့ပွဲစဉ်တွင် စပီဇီယာအသင်းကို သရေကျခဲ့သည့်အတွက် စီးရီးအေ အမှတ်ပေးဇယား ဒုတိယနေရာမှ ဖိအားပေးနေသည့် အေစီမီလန်အသင်းကို ၁၀ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အင်တာမီလန်အသင်းသည် ဘောလုံးရာသီပြီးဆုံးချိန်တွင် စီးရီးအေအမှတ်ပေးဖလားကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။ စပီဇီယာအသင်းသည် လာမည့်နှစ်စီးရီးအေတွင် တင်ကျန်ရန်အတွက် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။ စပီဇီယာအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဧပြီ ၂၄ ရက်တွင် ဂျီနိုအာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အင်တာမီလန်အသင်းက ဧပြီ ၂၅ ရက်တွင် ဗီရိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စီးရီးအေပွဲစဉ် (၃၂) မှ အခြားသော ပွဲစဉ်ရလဒ်များအနေဖြင့် ဘိုလော့ဂ်နာနှင့် တိုရီနိုအသင်းတို့ပွဲစဉ် တစ်ဖက်တစ်ဂိုးစီ၊ ဂျီနိုအာအသင်းနှင့် ဘင်နီဗန်တိုအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ဆမ်ဒိုးရီးယားအသင်းက ခရိုတုန်းအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဂျူဗင်တပ်စ်က ပါးမားအသင်းကို သုံးဂိုး– တစ်ဂိုး၊ ကက်ဂလီယာရီအသင်းက အူဒီးနိစ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# လီဆယ်ဝါဒနှင့် ကျွန်ပါးဝချင်သူများ

## ကြိုင်သင်း

**လွတ်လပ်ချင်ကြ၊ စိတ်ထင်တိုင်း ပြောဆိုပြုမူ လုပ်ဆောင်ချင်ကြတာ လူ့သဘာဝပါ။ အတိုင်းအဆ စည်းကမ်းသတ်မှတ်ချက်ရှိဖို့ကတော့ အရေးကြီးဆုံးဆိုတာ မေ့ထား၊ ဖယ်ထား၊ လျစ်လျူရှုထားလို့တော့ မရပါ။**

မြန်မာ့နိုင်ငံရေးမှာ ဒီမိုကရေစီခေါင်းစဉ်အောက်က မသမာမှုတွေ၊ မတရားမှုတွေ၊ မရိုးသားမှုတွေ၊ မမျှတမှုတွေ၊ မရေရာမှုတွေ တစ်ပုံတစ်ပင်နဲ့ အရှက်မဲ့စွာ၊ သိက္ခာမဲ့စွာ၊ တရားလက်လွတ် အတ္တဝါဒီ လောင်းရိပ်မည်းကြီးနဲ့ သောကတွေ တစ်ပွေ့တစ်ပိုက်နဲ့ ဖြတ်သန်းခဲ့ကြရတယ်။ အခုလိုခက်ခဲတဲ့ မလွယ်ကူတဲ့ ထိခိုက်ပွန်းပဲ့တဲ့ ဖြစ်စဉ်တွေနဲ့ မကြုံတွေ့လိုလို့ မြန်မာ့နိုင်ငံရေးမှာ ရိုးသားပါ။ တစ်ကိုယ်ကောင်းမဆန်ဖို့၊ ငါတကောမလုပ်ဖို့၊ ဆိတ်ခေါင်း ချိတ်ပြီး ခွေးသားမရောင်းဖို့ ပွင့်လင်းမြင်သာစွာ ကမ္ဘာသိ သတိတွေအထပ်ထပ် ပေးခဲ့ပါတယ်။

တကယ်တမ်းမှာ ဒီမိုကရေစီနည်းလမ်းကျ ညှိနှိုင်းအဖြေရှာတဲ့ လမ်းစဉ်ကို ဒီမိုကရေစီ ဖော်ဆောင်နေပါတယ်ဆိုသူတွေက လက်တွေ့မှာ ခါးခါးသီးသီး ငြင်းဆန်ခဲ့ကြတယ်။ ဒီငြင်းဆန်မှုတွေကပဲ အခုအခြေအနေကို တွန်းပို့ခဲ့တာဖြစ်တယ်။ ဒီမိုကရေစီကျကျ ဖြေရှင်းနိုင်တဲ့ နည်းလမ်းများစွာရှိပါလျက်နဲ့ ငါ၊ ငါ၊ ငါဆိုတဲ့ အတ္တအမိုက်မှောင်ကြီးစိုးပြီး ငါလုပ်သမျှ၊ ပြောသမျှအမှန်၊ ငါဖြစ်ချင်တာ ဘယ်သူမှတားမရ၊ ငါဟာပင် အရှင်သခင် ပုံစံမျိုးနဲ့ တိုင်းပြည်ကို အပင်းသွင်းခဲ့တာ ယခုဖြစ်စဉ်တွေက သက်သေပါပဲ။

**— မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအရေးမှန်သမျှ တိုင်းတစ်ပါးက တတ်ယောင်ကန်းတွေနဲ့ အစမ်းသပ်ခံခဲ့ရတာပါ။ ဒီအကျိုးဆက်ကြောင့် မြန်မာ့အသိုက်အဝန်းမှာ သွေးကွဲမှုတွေ၊ မညီညွတ်မှုတွေ၊ စနစ်တကျသပ်လျှိ အကျင့်ဖျက်ခံရမှုတွေနဲ့ ဖရိုဖရဲ ဒီမိုကရေစီစနစ်မျိုးကို မျိုးစေ့အချခံ လိုက်ရပါတယ်။ သူတို့နိုင်ငံတွေမှာပင် မရနိုင်တဲ့ မီဒီယာအခွင့်အရေး၊ စည်းကမ်းဘောင်ကျော်ပြောဆိုပြုမူမှု အခွင့်အရေး၊ ဥပဒေပြင်ပလုပ်ဆောင်မှု အခွင့်အရေးတွေကို တစ်ဦးတစ်ယောက်ချင်းနဲ့တစ်မျိုး၊ NGO, INGO များက တစ်သွယ် ခေတ်သစ်မှာ ပုံစံသစ်၊ နည်းလမ်းသစ်တွေနဲ့ တအိအိ ကျွန်ပြုခံခဲ့ရမှုကို သမိုင်းပေးတာဝန်အရ ကူညီကယ်တင်နေရတာ ဖြစ်ပါတယ် —**

### မဲလိမ်မဲခိုး အတော်ရုပ်ဆိုး

မဲပေးခွင့်ရှိသူ သန်းသုံးဆယ်ကျော်မှာ မဲလိမ်မဲခိုးတာက ဆယ်သန်းကျော်ပါ။ ဒီလို မသမာလိမ်ညာခိုးတဲ့ ဆန္ဒမဲတွေက ဒီမိုကရေစီစနစ်နဲ့ လားရာပြောင်းပြန်ပါ။ ဒီမိုကရေစီ နှစ်ရာချီနေတဲ့ နိုင်ငံတွေရော ဒါမျိုးဆိုလက်ခံမလား။ ကြည်ကြည်ဖြူဖြူနဲ့ မျက်လုံးစုံမှိတ် မသိချင်ယောင်ဆောင်ပြီး အတုအယောင် ဒီမိုကရေစီကို ထူထောင်ကြမလား။ ခိုးထား၊ လိမ်ထား မလိမ့်တပတ်လုပ်ထားတဲ့ မဲမသမာမှုတွေကို အပြောမဟုတ် နေ့စဉ်လိုလို တစ်မြို့ချင်း၊ ရပ်ကွက်၊ ကျေးရွာအလိုက် တိတိကျကျ စိစစ်ဖော်ထုတ် သက်သေပြပေးနေတာပါ။ ဒါတွေဟာ ဘယ်လိုအကြောင်းပြချက်နဲ့မှ ငြင်းကွယ်လို့မရတဲ့ အလွန်တရာ ရုပ်ဆိုးလွန်းလှတဲ့ အကျည်းတန်တဲ့ ကမ္ဘာ့စံချိန်တင် မဲမသမာမှုကြီးပါ။ ရှက်ဖွယ်လိလိ လိမ်ညာမှုကြီးကို ပြည်သူအများ မဲပေးခဲ့တာဆိုတဲ့ သက်သေပြမရတဲ့ မရေမရာပြောစကားတွေနဲ့ နိုင်ငံတကာနဲ့ ရိုးသားတဲ့ ပြည်သူတွေကို လှည့်ဖြားဖို့ကြိုးစားနေကြသေးတယ်။ သူ့အလိုလို နိုင်နေတဲ့ပွဲမျိုးကို မရိုးသားတဲ့ ညစ်လုံးတွေကြောင့် ပြိုင်ပွဲက အနီကတ်ပြ အထုတ်ခံရတာပါ။

### သံတမန်များ ရိုးသားပါ

သံခင်းတမန်ခင်းဆိုတာ တစ်နိုင်ငံအပေါ် တစ်နိုင်ငံ ပျက်စီးရာပျက်စီးကြောင်း တွန်းပို့လို့ မရပါ။ ကူညီမှု၊ ဖေးမမှု၊ အားပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ မိတ်ဆွေစစ်အဖြစ် သက်သေပြကြရမှာ ဓမ္မတာပါ။ ဒီမိုကရေစီနည်းလမ်းမကျ၊ အဓမ္မဝါဒတွေနဲ့ သွေးခွဲသပ်လျှိ မြှောက်ထိုးပင့်ကော် မသင့်လျော်တာမှန်သမျှ နည်းလမ်းပေါင်းစုံသုံးနေကြတဲ့ သံတမန် မပီသတဲ့ နိုင်ငံအချို့ကြောင့် အပ်နဲ့ထွင်းရမယ့်ဟာ ပေါက်ဆိန်နဲ့ ထွင်းနေရပါပြီ။ ဒီမိုကရေစီ နုနယ်သေးတဲ့ မြန်မာနိုင်ငံအပေါ်မှာ အရင့်အမာ ဒီမိုကရေစီနိုင်ငံကြီးတွေက ရိုးသားစွာ ဆက်ဆံပေးဖို့ အထူးလိုပါတယ်။

### ခေတ်သစ်ကျွန်

မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအရေးမှန်သမျှ တိုင်းတစ်ပါးက တတ်ယောင်ကန်းတွေနဲ့ အစမ်းသပ်ခံခဲ့ရတာပါ။ ဒီအကျိုးဆက်ကြောင့် မြန်မာ့အသိုက်အဝန်းမှာ သွေးကွဲမှုတွေ၊ မညီညွတ်မှုတွေ၊ စနစ်တကျသပ်လျှိ အကျင့်ဖျက်ခံရမှုတွေနဲ့ ဖရိုဖရဲ ဒီမိုကရေစီစနစ်မျိုးကို မျိုးစေ့အချခံလိုက်ရပါတယ်။ သူတို့နိုင်ငံတွေမှာပင် မရနိုင်တဲ့ မီဒီယာအခွင့်အရေး၊ စည်းကမ်းဘောင်ကျော် ပြောဆိုပြုမူမှု အခွင့်အရေး၊ ဥပဒေပြင်ပလုပ်ဆောင်မှု အခွင့်အရေးတွေကို တစ်ဦးတစ်ယောက်ချင်းနဲ့တစ်မျိုး၊ NGO, INGO များက တစ်သွယ် ခေတ်သစ်မှာ ပုံစံသစ်၊ နည်းလမ်းသစ်တွေနဲ့ တအိအိ ကျွန်ပြုခံခဲ့ရမှုကို သမိုင်းပေးတာဝန်အရ ကူညီကယ်တင်နေရတာ ဖြစ်ပါတယ်။

### လီဆယ်ဝါဒ

ဒီမိုကရေစီနည်းလမ်းမကျတဲ့ လီဆယ်ဝါဒကြောင့် အဖူးဖူးစ မြန်မာ့ဒီမိုကရေစီခရီးက အခက်အခဲတွေ ဖြတ်သန်းနေကြရတာပါ။ ရေရှည်မွေးထားတဲ့ ကျွန်စိတ်၊ လက်ပူတိုက် ရိုက်သွင်းတဲ့ တိုင်းပြည်ပြိုကွဲရေး လမ်းစဉ်များနဲ့ မြန်မာနိုင်ငံကို ဆင်းရဲတွင်းထဲ တွန်းပို့နေမှုတွေကို နိုင်ငံသူနိုင်ငံသားတစ်ဦးချင်းစီရဲ့ မှန်ကန်တဲ့အမြင်၊ ရဲရင့်တဲ့စိတ်ထား၊ ထွန်းကားတဲ့ အသိတရားများနဲ့ တွန်းလှန်ကာကွယ်ကြရမယ့်အချိန်ကို ရောက်နေပါပြီ။

### စနစ်ကျတဲ့ လွတ်လပ်မှု

မှန်ကန်စည်းကမ်းစနစ်ကျတဲ့ လွတ်လပ်မှုနဲ့ အမှီအခိုကင်း ဒီမိုကရေစီ ထူထောင်ကြရမှာပါ။ နှောင်ကြိုးဗရပွနဲ့ မည်ကာမတ္တ ရွှေရည်စိမ် ဒီမိုကရေစီစနစ်မျိုး မဖြစ်စေဖို့ လိုပါတယ်။ ဒီမိုကရေစီအမည်ခံပြီး ဗျူရိုကရေစီစနစ်အောက်မှာ မလူးသာ မလွန့်သာအဖြစ်မျိုးလည်း မတွေ့ကြုံမခံစားလိုပါ။ ဒါကြောင့် စနစ်ကျတဲ့လွတ်လပ်မှု၊ ပြည့်ဝတဲ့ ဒီမိုကရေစီ အမြန်ဆုံးရရှိခံစားနိုင်ကြရေးအတွက် တစ်ဦးချင်းစီက လက်ရှိတာဝန် ခေတ္တထိန်းထားတဲ့ စေတနာအစိုးရနဲ့ အပြည့်အဝ ပူးပေါင်းကြပါစို့လို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။

---

*စာမျက်နှာ ၆ မှ*

**သတင်းများဖြင့် မြန်မာနိုင်ငံအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နာလန်မထူနိုင်အောင် ခေတ်အဆက်ဆက် နှိပ်စက်ခဲ့ကြသည်မှာ ပြည်ပမီဒီယာများ၏ ဘုံရပ်တည်ချက်ဖြစ်ပါသည်။**

ယခင်ငါးနှစ်တာကာလတွင် နိုင်ငံတော်ပြိုကွဲပျက်စီးရေးအတွက် ပြည်တွင်းမီးပွား မီဒီယာများစွာကို အထောက်အပံ့ပေါင်းစုံ ခေါင်းစဉ်အဖုံဖုံဖြင့် မွေးမြူပေးခဲ့ကြသည်။ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အမြင်မတူသည့် ထင်ရာစိုင်းပုံစံဖြင့် ဥပဒေမဲ့ခွင့်၊ အတိုင်းအဆမဲ့ လွတ်လပ်ခွင့်များကို မသိကျိုးကျွန်ပြုကာ တိုင်းပြည်ကို စနစ်တကျ ဖျက်ဆီးခဲ့ကြသည်။

**✲ အစဉ်အဆက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်ချည့်နဲ့စေရန်၊ နိုင်ငံသူနိုင်ငံသားအချင်းချင်း သံသယများဖြင့် မယုံမကြည်စိတ်များ ကြီးစိုးစေရန် စသည့်လုပ်ကြံဖန်တီး သွေးထိုးသပ်လျှိုသော သတင်းတု၊ သတင်းမှား၊ ချဲ့ကားသတင်းများဖြင့် မြန်မာနိုင်ငံအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နာလန်မထူနိုင်အောင် ခေတ်အဆက်ဆက် နှိပ်စက်ခဲ့ကြသည်မှာ ပြည်ပမီဒီယာများ၏ ဘုံရပ်တည်ချက်ဖြစ်ပါသည်**

လက်ရှိကာလ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြဿနာအများစုသည် တစ်ဖက်စောင်းနင်း လုပ်စားမီဒီယာများ၏ သတင်းမှား၊ ကောလာဟလများနှင့် လုပ်ကြံဖန်တီးထားသော မျှော်လင့်ချက်ပေး သတင်းစကားများကြောင့် ဖြစ်ပါသည်။ ပုံဖျက်သတင်းများနှင့် မြှောက်ထိုးပင့်ကော် သွေးထိုးလှုံ့ဆော်နေသော သတင်းဌာနများနှင့် လူပုဂ္ဂိုလ်များသည် ပြည်ပတွင်သော်လည်းကောင်း၊ လုံခြုံသောနေရာတွင်သော်လည်းကောင်းနေပြီး လှုံ့ဆော်ဝါဒ ဖြန့်နေကြခြင်းသာဖြစ်သည်။ ယင်းတို့၏ သတင်းများအား ယုံစားပြီး လိုက်ပါလုပ်ဆောင်ပါက မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများနှင့် ဆုံးရှုံးပျက်စီးမှုများသာ တွေ့ကြုံခံစားကြရ မည်ဖြစ်ပါသည်။

လိမ်လည်လှည့်ဖြား လုပ်ကြံသော၊ မုသားစကားများဖြင့် လုပ်စားနေကြသော၊ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး ကျင့်ဝတ်မရှိကြသော မီဒီယာများ၏ သတင်းတု၊ သတင်းလိမ်၊ သတင်းမှားများ **အန္တရာယ်မှ ရှောင်ရှားနိုင်ရေးသည် ပြည်သူတစ်ဦးချင်းစီ၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သော ကိုယ်ပိုင်အသိဉာဏ်များဖြင့် ပိုင်းခြားဝေဖန်ကာကွယ်တားဆီးကြရမည်ဖြစ်ပါသည်။**

### ကိုယ်စီတာဝန်

ကိုယ်တိုင် အောင်မြင်တိုးတက်လိုပါက ကိုယ်တိုင်လုပ်ဆောင်ကြိုးစားကြရပါသည်။ မိမိကောင်းမှ မိမိအိမ်ထောင်စု သာယာကြီးပွားပါမည်။ မိမိ မိသားစုချမ်းသာပါမှ မိမိရပ်ကွက်၊ ကျေးရွာ၊ လမ်း တိုးတက်စည်ပင်မှုအတွက် အထောက်အကူပြုနိုင်ပါမည်။ မိမိကစ ပတ်ဝန်းကျင်ကောင်းကို တည်ထောင်နိုင်ပါမှ အများကလည်း လိုက်ပါပူးပေါင်းလာမည်ဖြစ်ပါသည်။ လူတစ်ဦးချင်းစီတွင် မရှိမဖြစ်လိုအပ်သော ဖြူစင်မှု၊ ရိုးသားမှု၊ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုများဖြင့် မိမိတို့၏ အနာဂတ်ကို ကြည်နူးရွှင်ပျစွာ ထုဆစ်ပုံဖော်ရင်း တိုင်းပြည်အနာဂတ်ကို ရနံ့ထုံသင်းသည့် မေတ္တာပန်းများဖြင့် စုပေါင်းညီညာ ဖြန့်ခင်းဖွင့်လှစ်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## သတင်းထုတ်ပြန်ချက်

၂၀-၄-၂၀၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) ၏ Management Meeting ၌ မြန်မာနိုင်ငံအား United Nations Development Programme (UNDP)၊ United Nations Population Fund (UNFPA) နှင့် United Nations Office for Project Services (UNOPS) အမှုဆောင်ဘုတ်အဖွဲ့ဝင်ရာထူး (၂၀၂၂-၂၀၂၄ ခုနှစ်) သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ မတရားအသင်းအဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ နိုင်ငံခြားရေးဝန်ကြီးဌာနအမည်ဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်းနှင့် မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားသူ ဦးကျော်မိုးထွန်းမှ မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၏ Facebook စာမျက်နှာ၌ ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) နှင့် ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းသတ်မှတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် ၂၁-၃-၂၀၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နှင့် ယင်းအဖွဲ့တွင် ပါဝင်သူများသည် မတရားအသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း ၂၀-၄-၂၀၂၁ ရက်တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ဟောင်းဖြစ်သူ ဦးကျော်မိုးထွန်းအား ၂၇-၂-၂၀၂၁ ရက် နံနက်ပိုင်းမှစ၍ ရာထူးမှ ထုတ်ပယ်ခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုထားပါသည်။

သို့ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ဦးကျော်မိုးထွန်းအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်တံဆိပ်နှင့် အမြဲတမ်းကိုယ်စားလှယ် ရာထူးအမည်ကို အသုံးပြု၍ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ နယူးယောက်မြို့၊ မြန်မာအဖွဲ့ရုံး၏ Facebook စာမျက်နှာတွင် ကြေညာချက်များ ထုတ်ပြန်ခြင်းများသည် မြန်မာနိုင်ငံ၊ အစိုးရနှင့် ပြည်သူများအား ကိုယ်စားပြုမှု၊ တရားဝင်မှုမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) အောက်ရှိ UNDP၊ UNFPA နှင့် UNOPS အမှုဆောင်ဘုတ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံရန် ၁၈-၇-၂၀၁၇ ရက်တွင် အာရှ-ပစိဖိတ်ဒေသအုပ်စုအတွင်း လုပ်ရိုးလုပ်စဉ်အရ အမည်စာရင်း တင်သွင်းခဲ့ပြီး ၂၈-၁-၂၀၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဒေသ အစည်းအဝေး၌ မြန်မာနိုင်ငံအား ယင်းရာထူး၌ အတည်ပြုခဲ့ပြီး မဲခွဲရန် လိုအပ်ခြင်းမရှိဘဲ ရွေးကောက်ခံခဲ့ရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် UNDP၊ UNFPA နှင့် UNOPS အမှုဆောင် ဘုတ်အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများကို သတ်မှတ်သက်တမ်းအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်**

## ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၂

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးတွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund–CPF) အကောင်အထည်ဖော်ရေး ကော်မတီကို ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်း နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းတာဝန်ပေးခဲ့၍ ကော်မတီအစည်းအဝေး စုစုပေါင်း (၇) ကြိမ်၊ ဆပ်ကော်မတီအစည်းအဝေး စုစုပေါင်း (၃) ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေအရ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေး အစီအစဉ်နှင့် လုပ်ငန်းစဉ်တို့အား ဆောင်ရွက်ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ရာ ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စများ၊ ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များတို့ကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ သက်ဆိုင်ရာ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများလည်း ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များကို ပိုမိုတိုးတက်ခံစားရရှိနိုင်စေမည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘားအံ | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |
| ၂ | ကော့ကရိတ် | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |
| ၃ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |
| | စုစုပေါင်း | ၄၇၃ | ၈၂၂၇၀၇ | ၃၈၉၈၅၀ | ၄၃၂၈၅၇ | ၃၈၁၆၄၃ | ၅၁၇၉၉ | ၅၈၅ |

### ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀ အုပ်စု၊ မဲရုံပေါင်း ၂၃၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၄၁၅၆၉၉ ဖြစ်ပြီး မဲပေး အသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၂၇၃ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၂၁၁၄၂၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၈၂၈၄၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၇၉၆၃၀ | ၂၀၀၂၈၇ | ၁၇၉၃၄၃ | ၁၅၀၇၆၁ | ၂၈၆၈၃ | ၁၀၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၈၆ | ၃၉၈၆ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၂၀၈၃ | | ၃၂၀၈၃ | ၃၂၀၈၃ | | |
| | စုစုပေါင်း | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ဘားအံမြို့နယ်၊ ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀ အုပ်စု မဲရုံပေါင်း ၂၃၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၈၆၈၃ ပျောက်ဆုံးနေပြီး ၁၀၁ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၃၉၈၆ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၇။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကူးဆိပ်ရပ်ကွက် | ၂ | ၃၅၅၀ | ၂၂၁၁ | ၁၃၃၉ | ၈၃၉ | ၅၀၀ | |
| ၂ | ဖါးတောရပ်ကွက် | ၄ | ၈၀၀၀ | ၅၁၉၆ | ၂၈၀၄ | ၂၂၅၄ | ၅၅၀ | |
| ၃ | ပြည်ထောင်စုရပ်ကွက် | ၃ | ၅၆၅၀ | ၃၅၂၈ | ၂၁၂၂ | ၁၉၇၈ | ၁၄၄ | |
| ၄ | ဖွဲ့မာန်လွင်ရပ်ကွက် | ၂ | ၃၆၀၀ | ၂၂၈၇ | ၁၃၁၃ | ၁၂၂၁ | ၉၂ | |
| ၅ | ထောင်ဝိရပ်ကွက် | ၁ | ၁၇၅၀ | ၁၀၉၁ | ၆၅၉ | ၆၀၉ | ၅၀ | |
| ၆ | ကော့လှိုက်ကျေးရွာအုပ်စု | ၂ | ၄၀၅၀ | ၂၄၅၄ | ၁၅၉၆ | ၁၅၉၆ | | |
| ၇ | တရုတ်လှကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၂၄၃၄ | ၁၄၆၆ | ၁၄၇၀ | | ၄ |
| ၈ | ဝင်းကျန်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၁၀ | ၁၁၉၀ | ၁၁၉၀ | | |
| ၉ | ကော့တရုတ်ရကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၄၂၀ | ၁၁၈၀ | ၁၁၈၀ | | |
| ၁၀ | ကော့ထမ္ဗလိန်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၂၂၄ | ၁၂၂၆ | ၁၁၂၆ | ၁၀၀ | |
| ၁၁ | ကော့သင်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၉၆ | ၄၀၄ | ၄၀၄ | | |
| ၁၂ | ကျုံဖဲကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၈၅၄ | ၂၅၉၆ | ၅၉၆ | ၂၀၀၀ | |
| ၁၃ | ကျုံစောင့်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၅၄၂ | ၁၅၀၈ | ၁၅၀၈ | | |
| ၁၄ | ကော့သင်းရှူး(ထမ္ဗတိုင်) ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၅၈၇ | ၄၆၃ | ၄၆၃ | | |
| ၁၅ | ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စု | ၄ | ၅၉၀၀ | ၂၃၂၃ | ၃၅၇၇ | ၂၈၂၈ | ၇၄၉ | |
| ၁၆ | ကော့ကဒါကျေးရွာအုပ်စု | ၄ | ၇၄၅၀ | ၃၆၅၆ | ၃၇၉၄ | ၃၃၁၃ | ၄၈၁ | |
| ၁၇ | ကော့မူးတာကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၁၈၂၅ | ၁၇၇၅ | ၁၅၂၅ | ၂၅၀ | |
| ၁၈ | ကံခရဲကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၁၃၁ | ၁၁၆၉ | ၁၀၁၉ | ၁၅၀ | |
| ၁၉ | ခရဲ (ကမ်းနား) ကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၅၃၈ | ၁၄၁၂ | ၄၁၁ | ၁၀၀၁ | |
| ၂၀ | ခယား(အတွင်း)ကျေးရွာအုပ်စု | ၅ | ၉၆၀၀ | ၄၁၁၂ | ၅၄၈၈ | ၅၄၈၈ | | |
| ၂၁ | ခယား (အပြင်) ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၀၇၀ | ၁၂၃၀ | ၁၂၃၀ | | |
| ၂၂ | ခလောက်ထောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၆၀ | ၃၄၀ | ၃၄၀ | | |
| ၂၃ | ဂျိုင်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၈၃၅ | ၁၁၁၅ | ၁၁၁၉ | | ၄ |
| ၂၄ | ဇာသပြင်(အနောက်) ကျေးရွာအုပ်စု | ၅ | ၇၇၀၀ | ၃၆၃၅ | ၄၀၆၅ | ၂၁၆၇ | ၁၈၉၈ | |
| ၂၅ | တော်ပုံကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၇၂ | ၄၂၈ | ၄၂၈ | | |
| ၂၆ | နောင်လုံ(အရှေ့) ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၁၈၃၁ | ၁၃၆၉ | ၁၃၁၉ | ၅၀ | |
| ၂၇ | နောင်လုံ(အနောက်) ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၀၂၃ | ၁၂၂၇ | ၁၂၂၇ | | |
| ၂၈ | နောင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၃၇၂ | ၁၄၂၈ | ၁၄၃၀ | | ၂ |
| ၂၉ | နတ်ထိပ်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၅၃ | ၇၄၇ | ၆၉၇ | ၅၀ | |
| ၃၀ | နတ်ကျွန်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၆၂၆ | ၅၂၄ | ၅၂၀ | ၄ | |
| ၃၁ | နောင်ပလိန်ကျေးရွာအုပ်စု | ၅ | ၆၀၅၀ | ၂၀၄၂ | ၄၀၀၈ | ၂၃၆၈ | ၁၆၄၀ | |
| ၃၂ | ဗျက္ခကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၀၂၉ | ၁၁၇၁ | ၁၁၆၈ | ၃ | |
| ၃၃ | မိသရောင်ကျေးရွာအုပ်စု | ၄ | ၅၁၅၀ | ၂၇၈၂ | ၂၃၆၈ | ၂၃၆၉ | | ၁ |
| ၃၄ | ရဲသာကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၂၃၄၁ | ၁၆၀၉ | ၁၆၆၃ | | ၅၄ |
| ၃၅ | လက္ခဏကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၉၅ | ၇၀၅ | ၇၀၃ | ၂ | |
| ၃၆ | လှာကဒေါင်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၂၄၉၉ | ၁၈၀၁ | ၁၈၀၁ | | |
| ၃၇ | လွန်းညကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၁၅၇၇ | ၂၁၇၃ | ၁၉၇၃ | ၂၀၀ | |
| ၃၈ | လှိုင်ကဘာကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၆၆၃ | ၁၅၃၇ | ၁၅၂၄ | ၁၃ | |
| ၃၉ | သံလှယ်ကျေးရွာအုပ်စု | ၄ | ၆၉၅၀ | ၃၄၁၂ | ၃၅၃၈ | ၃၅၃၈ | | |
| ၄၀ | သာယာကုန်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၀၇၄ | ၇၂၆ | ၇၂၆ | | |
| ၄၁ | သာမညကျေးရွာအုပ်စု | ၆ | ၁၅၂၀၀ | ၅၄၆၈ | ၉၇၃၂ | ၆၄၂၈ | ၃၃၀၄ | |
| ၄၂ | အုန်းတပင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၃၄၄ | ၈၀၆ | ၈၀၄ | ၂ | |
| ၄၃ | အိန္ဒဲကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၇၃၇ | ၁၁၆၃ | ၁၁၆၄ | | ၁ |
| ၄၄ | စံဖရီးကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၅၄၅ | ၁၅၀၅ | ၁၃၅၇ | ၁၄၈ | |
| ၄၅ | ထောင်ကလပ်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၂၃ | ၁၁၂၇ | ၁၁၂၉ | | ၂ |
| ၄၆ | အိန္ဒူကျေးရွာအုပ်စု | ၃ | ၇၆၅၀ | ၄၃၄၉ | ၃၃၀၁ | ၃၃၀၉ | | ၈ |
| ၄၇ | ကော့စိန်ဘန်(အထက်) ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၅၈၃ | ၆၆၇ | ၆၆၇ | | |
| ၄၈ | ရွှေတောကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၀၅၄ | ၁၇၉၆ | ၁၇၉၆ | | |
| ၄၉ | ဇာသပြင်(အရှေ့) ကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၁၉၄၉ | ၂၈၅၁ | ၂၂၂၇ | ၆၂၄ | |
| ၅၀ | ကော့လမုကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၆၄၂ | ၁၄၀၈ | ၁၄၀၈ | | |
| ၅၁ | သရက်တော၊ မြိုင်သဇင်၊ ကြာအင်းရပ်ကွက် | ၄ | ၇၀၀၀ | ၄၄၅၁ | ၂၅၄၉ | ၂၁၉၆ | ၃၅၃ | |
| ၅၂ | ဈေးတန်းရပ်ကွက် | ၄ | ၅၈၀၀ | ၃၇၄၅ | ၂၀၅၅ | ၁၂၀၅ | ၈၅၀ | |
| ၅၃ | အောင်နန်းမင်္ဂလာရပ်ကွက် | ၄ | ၆၂၀၀ | ၄၃၈၁ | ၁၈၁၉ | ၁၅၇၆ | ၂၄၃ | |
| ၅၄ | ရတနာဒီပရပ်ကွက် | ၆ | ၁၀၉၀၀ | ၇၄၉၀ | ၃၄၁၀ | ၃၃၅၃ | ၅၇ | |
| ၅၅ | ကော့သံခါကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၉၂ | ၁၀၅၈ | ၁၀၆၈ | | ၁၀ |
| ၅၆ | ကော့ကျိုက်(ဖအွံ့) ကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၁၈၃၅ | ၁၅၆၅ | ၂၂၁ | ၁၃၄၄ | |
| ၅၇ | ကော့ဂွန်း(ဖဲကတာ) ကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၉၇၄ | ၁၁၂၆ | ၁၁၂၅ | ၁ | |
| ၅၈ | ကော့ဂွန်း(ဘားကပ်) ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၀၀ | ၄၀၀ | ၄၀၀ | | |
| ၅၉ | ကော့ရင်း(အောက်) ကျေးရွာအုပ်စု | ၅ | ၆၈၅၀ | ၃၇၆၄ | ၃၀၈၆ | ၃၀၉၂ | | ၆ |
| ၆၀ | ကော့ထော်ကျေးရွာအုပ်စု | ၃ | ၅၄၅၀ | ၃၂၁၉ | ၂၂၃၁ | ၁၉၂၉ | ၃၀၂ | |
| ၆၁ | ကျောက်တလုံးကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၃၀၂၆ | ၁၆၇၄ | ၁၆၇၈ | | ၄ |
| ၆၂ | ခဲတောက်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၆၉ | ၁၁၃၁ | ၁၁၂၉ | ၂ | |
| ၆၃ | ဆင်ကျုံးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၆၃ | ၉၃၇ | ၉၃၃ | ၄ | |
| ၆၄ | ကုလားစုကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၂၂၄ | ၁၁၇၆ | ၆၇၈ | ၄၉၈ | |
| ၆၅ | ထုံးအိုင်ကျေးရွာအုပ်စု | ၅ | ၈၅၀၀ | ၄၅၄၆ | ၃၉၅၄ | ၃၄၁၄ | ၅၄၀ | |
| ၆၆ | နောင်ထလုံးကျေးရွာအုပ်စု | ၃ | ၅၀၅၀ | ၂၃၄၀ | ၂၇၁၀ | ၁၆၅၈ | ၁၀၅၂ | |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ



ဘားအံမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှုမှတ်တမ်း။



ကော့ကရိတ်မြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှုမှတ်တမ်း။

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၆၇ | နှစ်ခြားကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၈၆ | ၁၀၆၄ | ၁၀၆၅ | | ၁ |
| ၆၈ | နောင်ကျန်ကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၄၅၁ | ၉၉၉ | ၉၉၇ | ၂ | |
| ၆၉ | ပန်းကုန်းကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၆၁၀ | ၁၁၄၀ | ၁၁၃၄ | ၆ | |
| ၇၀ | ဖဲကတာကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၆၄၅ | ၁၈၀၅ | ၁၈၀၅ | | |
| ၇၁ | ဖအွံ့ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၀၉၄ | ၉၀၆ | ၉၀၆ | | |
| ၇၂ | ဘားကပ်ကျေးရွာအုပ်စု | ၂ | ၃၈၀၀ | ၂၃၉၃ | ၁၄၀၇ | ၉၅၇ | ၄၅၀ | |
| ၇၃ | မိဖံကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၆၁ | ၁၀၈၉ | ၁၉၁ | ၈၉၈ | |
| ၇၄ | ကော့ကူးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၇၇၃ | ၇၂၇ | ၇၂၇ | | |
| ၇၅ | မိကရင်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၁၇၃၇ | ၂၀၆၃ | ၁၉၆၃ | ၁၀၀ | |
| ၇၆ | မုက္ကဒိကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၁၉၆၂ | ၁၉၈၈ | ၇၃၈ | ၁၂၅၀ | |
| ၇၇ | မြိုင်ကလေးကျေးရွာအုပ်စု | ၃ | ၄၂၅၀ | ၂၃၃၇ | ၁၉၁၃ | ၁၄၁၃ | ၅၀၀ | |
| ၇၈ | မှိုင်းကံကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၀၄ | ၁၀၄၆ | ၁၀၄၅ | ၁ | |
| ၇၉ | ရသေ့ပျံကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၂၁၃ | ၉၃၇ | ၉၃၅ | ၂ | |
| ၈၀ | ရေကျော်ကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၂၆၉၂ | ၂၀၀၈ | ၁၉၅၉ | ၄၉ | |
| ၈၁ | မင်းဇီကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၆၀၄ | ၁၄၄၆ | ၈၉၆ | ၅၅၀ | |
| ၈၂ | ဝဲကြီးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၀၂၈ | ၁၀၂၂ | ၆၂၂ | ၄၀၀ | |
| ၈၃ | ဝတ်ကြီးကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၂၅၅ | ၁၇၉၅ | ၁၇၉၅ | | |
| ၈၄ | ကော့ရင်း(အထက်) ကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၁၇၁၂ | ၂၈၈၈ | ၂၀၄၂ | ၈၄၆ | |
| ၈၅ | ဘင်ဂျီကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၁၄ | ၅၃၆ | ၅၃၆ | | |
| ၈၆ | လှာကာကျေးရွာအုပ်စု | ၇ | ၁၃၈၅၀ | ၈၂၃၈ | ၅၆၁၂ | ၄၂၁၆ | ၁၃၉၆ | |
| ၈၇ | လှာကမြင်ကျေးရွာအုပ်စု | ၅ | ၁၂၀၃၀ | ၅၈၇၈ | ၆၁၅၂ | ၄၇၇၃ | ၁၃၇၉ | |
| ၈၈ | တကောင်ဘိုးကျေးရွာအုပ်စု | ၂ | ၄၆၀၀ | ၂၇၄၈ | ၁၈၅၂ | ၁၅၉၇ | ၂၅၅ | |
| ၈၉ | တံတားဦးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၂၄၁ | ၆၅၉ | ၆၆၁ | | ၂ |
| ၉၀ | ကျုံမသွယ်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၁၂၅ | ၈၂၅ | ၈၂၇ | | ၂ |
| ၉၁ | မီးဖိုင်းကျေးရွာအုပ်စု | ၂ | ၅၀၅၀ | ၁၆၆၅ | ၃၃၈၅ | ၃၃၈၅ | | |
| ၉၂ | အီဟယ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၉၉၃ | ၈၀၇ | ၃၅၇ | ၄၅၀ | |
| ၉၃ | နောင်ကမြိုင်ကျေးရွာအုပ်စု | ၂ | ၄၇၀၀ | ၂၃၇၂ | ၂၃၂၈ | ၂၂၂၈ | ၁၀၀ | |
| ၉၄ | ပေါ့ထော်ကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၉၉၅ | ၁၆၅၅ | ၁၀၅၇ | ၅၉၈ | |
| ၉၅ | ဟတ္တလိုက်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၂၅၁၃ | ၁၇၈၇ | ၁၇၈၇ | | |
| ၉၆ | ကျုံထော်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၃၇ | ၂၁၃ | ၂၁၃ | | |
| ၉၇ | မဲသနကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၀၉ | ၃၉၁ | ၂၄၁ | ၁၅၀ | |
| ၉၈ | တဂေးလောင်းကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၉၀၆ | ၁၈၄၄ | ၁၇၉၄ | ၅၀ | |
| ၉၉ | ကော်ဟဲကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၃၇၃ | ၆၂၇ | ၆၂၇ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃၀ | ၃၇၉၆၃၀ | ၂၀၀၂၈၇ | ၁၇၉၃၄၃ | ၁၅၀၇၆၁ | ၂၈၆၈၃ | ၁၀၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၉၈၆ | ၃၉၈၆ | | | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၃၂၀၈၃ | | ၃၂၀၈၃ | ၃၂၀၈၃ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |

## ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၉၇၆၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၂၃၇ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၆၅၂၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၂၂၀၈၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၇၄၀၀ | ၁၀၁၈၉၃ | ၁၀၅၅၀၇ | ၁၀၁၀၆၅ | ၄၅၀၈ | ၆၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၄၄ | ၁၃၄၄ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၁၀၁၈ | | ၂၁၀၁၈ | ၂၁၀၁၈ | | |
| | စုစုပေါင်း | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကော့ကရိတ်မြို့နယ်၊ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၆ အုပ်စု မဲရုံပေါင်း ၁၂၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၄၅၀၈ ပျောက်ဆုံးနေပြီး ၆၆ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၃၄၄ အသုံးပြု ထားသည်ကို တွေ့ရှိရပါသည်။

၁၀။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ချောင်းတောင် ရပ်ကွက် | ၂ | ၄၂၀၀ | ၂၂၉၆ | ၁၉၀၄ | ၁၉၀၆ | | ၂ |
| ၂ | အမှတ်(၂)ဝင်းကြီးရပ်ကွက် | ၂ | ၃၇၅၀ | ၂၂၀၉ | ၁၅၄၁ | ၁၅၃၈ | ၃ | |
| ၃ | အမှတ်(၃)အလယ်တန်းရပ်ကွက် | ၂ | ၃၈၀၀ | ၂၄၁၃ | ၁၃၈၇ | ၁၃၈၆ | ၁ | |
| ၄ | အမှတ်(၄)အထက်တောင်သူစု ရပ်ကွက် | ၂ | ၃၀၅၀ | ၁၄၅၁ | ၁၅၉၉ | ၁၁၉၉ | ၄၀၀ | |
| ၅ | အမှတ်(၅)အောက်တောင်သူစု ရပ်ကွက် | ၃ | ၅၅၅၀ | ၂၇၄၅ | ၂၈၀၅ | ၂၇၆၁ | ၄၄ | |
| ၆ | အမှတ်(၆)အနောက်ပိုင်း ရပ်ကွက် | ၂ | ၂၉၅၀ | ၁၅၇၆ | ၁၃၇၄ | ၁၃၇၂ | ၂ | |
| ၇ | အမှတ်(၇)တံတားဦးရပ်ကွက် | ၄ | ၇၆၅၀ | ၃၉၅၈ | ၃၆၉၂ | ၃၆၉၄ | | ၂ |
| ၈ | သရက်တောကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၁၆၉၅ | ၁၉၀၅ | ၁၉၀၅ | | |
| ၉ | ဝဲလစ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၅၄၁ | ၁၂၅၉ | ၁၂၅၉ | | |
| ၁၀ | အင်းရှည်ကျေးရွာအုပ်စု | ၃ | ၄၉၅၀ | ၂၄၀၉ | ၂၅၄၁ | ၂၅၄၃ | | ၂ |
| ၁၁ | ခနိမ်းဖော်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၁၉၃၆ | ၂၃၆၄ | ၂၃၆၁ | ၃ | |
| ၁၂ | နဘူးနှစ်ခြားကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၁၈၆၂ | ၁၅၈၈ | ၁၅၃၈ | ၅၀ | |
| ၁၃ | နဘူးတံခွန်တိုင်ကျေးရွာအုပ်စု | ၃ | ၅၃၅၀ | ၂၄၉၁ | ၂၈၅၉ | ၂၀၀၈ | ၈၅၁ | |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁၄ | နေခင်တပွဲကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၇၆၈ | ၁၉၃၂ | ၁၇၂၆ | ၂၀၆ | |
| ၁၅ | ထီကလေးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၃၈၃ | ၁၁၆၇ | ၁၁၆၈ | | ၁ |
| ၁၆ | နောင်ကိုင်းကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၂၃၅ | ၁၀၆၅ | ၁၀၆၅ | | |
| ၁၇ | ထီဖိုးစံကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၃၄၇ | ၁၄၅၃ | ၁၃၁၈ | ၁၃၅ | |
| ၁၈ | နောင်ထပွဲကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၃၆၂ | ၁၄၈၈ | ၁၃၃၈ | ၁၅၀ | |
| ၁၉ | မြပတိုင်ကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၂၂၂ | ၁၀၂၈ | ၁၀၁၈ | ၁၀ | |
| ၂၀ | ကျုံဘိုင်းကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၁၉၄၄ | ၂၃၅၆ | ၂၃၅၆ | | |
| ၂၁ | ဒေါဖျာကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၁၆၃၂ | ၁၆၁၈ | ၁၆၁၈ | | |
| ၂၂ | ရန်ကုတ်ကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၂၅၇၁ | ၂၂၂၉ | ၂၂၂၉ | | |
| ၂၃ | တတံကူးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၆၂၈ | ၇၂၂ | ၇၂၂ | | |
| ၂၄ | ကော့နွဲကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၇၀ | ၃၃၀ | ၃၃၀ | | |
| ၂၅ | မြောက်ကြာအင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၅၁ | ၉၉၉ | ၉၉၉ | | |
| ၂၆ | ရေကျော်ကြီးကျေးရွာအုပ်စု | ၆ | ၇၆၅၀ | ၃၅၅၃ | ၄၀၉၇ | ၃၆၄၀ | ၄၅၇ | |
| ၂၇ | ကျုံဒိုးချောင်းဖျားကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၆၉ | ၁၁၃၁ | ၁၁၃၁ | | |
| ၂၈ | အင်းကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၇၀၁ | ၇၄၉ | ၇၄၉ | | |
| ၂၉ | အမှတ်(၁)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၅၅၀ | ၁၆၂၅ | ၉၂၅ | ၉၇၀ | | ၄၅ |
| ၃၀ | အမှတ်(၂)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၄၅၀ | ၁၅၆၄ | ၈၈၆ | ၈၈၆ | | |
| ၃၁ | အမှတ်(၃)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၁၉၅၀ | ၁၂၃၀ | ၇၂၀ | ၇၂၀ | | |
| ၃၂ | အမှတ်(၄)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၁၀၀ | ၁၂၃၄ | ၈၆၆ | ၆၆ | ၈၀၀ | |
| ၃၃ | ကော့ဝါလဲကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၉၄၄ | ၁၇၀၆ | ၁၇၀၃ | ၃ | |
| ၃၄ | ရေပူကြီးကျေးရွာအုပ်စု | ၃ | ၆၁၅၀ | ၂၇၇၃ | ၃၃၇၇ | ၃၁၇၉ | ၁၉၈ | |
| ၃၅ | မြောက်ကမ္မရိုက်ကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၆၆၁ | ၁၅၃၉ | ၁၅၃၉ | | |
| ၃၆ | တောင်ကမ္မရိုက်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၆၄၈ | ၆၅၂ | ၆၅၄ | | ၂ |
| ၃၇ | သမိန်ဒွတ်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၃၇၄ | ၁၆၇၆ | ၁၆၇၅ | ၁ | |
| ၃၈ | ဝင်းကကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၆၇ | ၁၁၃၃ | ၁၁၃၃ | | |
| ၃၉ | ထီဟူးသံကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၃၄၄ | ၁၅၀၆ | ၈၄၅ | ၆၆၁ | |
| ၄၀ | တောင်ကြာအင်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၃၁ | ၉၁၉ | ၉၁၉ | | |
| ၄၁ | လောင်းကိုင်ကျေးရွာအုပ်စု | ၂ | ၄၂၀၀ | ၂၁၁၄ | ၂၀၈၆ | ၂၀၈၈ | | ၂ |
| ၄၂ | အနောက်ဘက်ကမ်းကျေးရွာ အုပ်စု | ၂ | ၂၄၅၀ | ၁၀၇၀ | ၁၃၈၀ | ၁၃၈၂ | | ၂ |
| ၄၃ | ကမ်းနီကျေးရွာအုပ်စု | ၃ | ၆၀၀၀ | ၂၈၄၇ | ၃၁၅၃ | ၃၁၄၃ | ၁၀ | |
| ၄၄ | မိကလုံကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၁၄၁ | ၉၅၉ | ၉၅၈ | ၁ | |
| ၄၅ | ကုလားကျောက်ဖျာ ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၆၄ | ၇၈၆ | ၇၈၆ | | |
| ၄၆ | ကရင်ကျောက်ဖျာကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၁၆၄၆ | ၁၇၀၄ | ၁၇၀၄ | | |
| ၄၇ | ကော့လျှမ်းကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၃၉၅ | ၁၆၀၅ | ၁၆၀၄ | ၁ | |
| ၄၈ | ဖါးဘုတ်ကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၁၃၆၁ | ၁၉၈၉ | ၁၉၈၉ | | |
| ၄၉ | အီဘိုင်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၀၀ | ၈၀၀ | ၈၀၂ | | ၂ |
| ၅၀ | ကညင်ကတိုက်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၀၇၀ | ၉၈၀ | ၉၈၀ | | |
| ၅၁ | ခရစ်ကျောက်တန်းကျေးရွာအုပ်စု | ၃ | ၅၆၅၀ | ၂၄၇၇ | ၃၁၇၃ | ၃၁၇၇ | | ၄ |
| ၅၂ | မင်းရွာကျေးရွာအုပ်စု | ၅ | ၈၄၀၀ | ၄၀၂၃ | ၄၃၇၇ | ၄၃၆၇ | ၁၀ | |
| ၅၃ | ကော့ပေါက်ကျေးရွာအုပ်စု | ၄ | ၇၃၀၀ | ၂၉၈၀ | ၄၃၂၀ | ၄၂၂၀ | ၁၀၀ | |
| ၅၄ | ကော့ဘိန်းကျေးရွာအုပ်စု | ၈ | ၁၄၄၀၀ | ၆၀၄၃ | ၈၃၅၇ | ၇၉၅၆ | ၄၀၁ | |
| ၅၅ | ကော့ဂိုးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၁၀၀ | ၁၃၀၀ | ၁၃၀၀ | | |
| ၅၆ | ပိုင်ရပ်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၀၁၃ | ၁၀၃၇ | ၁၀၃၉ | | ၂ |
| ၅၇ | ခရင်းကျေးရွာအုပ်စု | ၃ | ၄၃၅၀ | ၁၉၃၆ | ၂၄၁၄ | ၂၄၀၄ | ၁၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၃ | ၂၀၇၄၀၀ | ၁၀၁၈၉၃ | ၁၀၅၅၀၇ | ၁၀၁၀၆၅ | ၄၅၀၈ | ၆၆ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် | | ၁၃၄၄ | ၁၃၄၄ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၁၀၁၈ | | ၂၁၀၁၈ | ၂၁၀၁၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |

## ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ မဲရုံပေါင်း ၁၂၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၇၇၂၄၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၂၃၄၀ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၉၄၉၀၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၆၇၁၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၄၅၅၀ | ၈၁၆၂၀ | ၈၂၉၃၀ | ၆၄၇၄၀ | ၁၈၆၀၈ | ၄၁၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၂၀ | ၇၂၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၉၇၆ | | ၁၁၉၇၆ | ၁၁၉၇၆ | | |
| | **စုစုပေါင်း** | **၁၇၇၂၄၆** | **၈၂၃၄၀** | **၉၄၉၀၆** | **၇၆၇၁၆** | **၁၈၆၀၈** | ၄၁၈ |

၁၂။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စု မဲရုံပေါင်း ၁၂၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၈၆၀၈ ပျောက်ဆုံးနေပြီး ၄၁၈ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၇၂၀ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၁၃။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၉၅၀ | ၁၂၄၉ | ၇၀၁ | ၇၀၁ | | |
| ၂ | အမှတ်(၂)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၀၅၀ | ၈၁၆ | ၂၃၄ | ၂၃၄ | | |
| ၃ | အမှတ်(၃)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၂၀၀ | ၇၇၈ | ၄၂၂ | ၃၇၄ | ၄၈ | |
| ၄ | အမှတ်(၄)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၅၅၀ | ၄၂၀ | ၁၃၀ | ၁၃၂ | | ၂ |
| ၅ | အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၇၅၀ | ၆၂၅ | ၁၂၅ | ၁၂၅ | | |
| ၆ | အမှတ်(၆)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၃၅၀ | ၁၁၅၄ | ၁၉၆ | ၅၂ | ၁၄၄ | |
| ၇ | ကြာအင်းရွှေဒိုးကျေးရွာအုပ်စု | ၆ | ၅၉၀၀ | ၃၂၇၁ | ၂၆၂၉ | ၁၉၈၃ | ၆၄၆ | |
| ၈ | ရွှေတောင်ဘိုကျေးရွာအုပ်စု | ၂ | ၄၀၅၀ | ၁၉၀၇ | ၂၁၄၃ | ၇၉၃ | ၁၃၅၀ | |
| ၉ | ကမော့ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၄၃ | ၈၀၇ | ၈၀၃ | ၄ | |
| ၁၀ | သံပုရာကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၁၅၁ | ၁၅၉၉ | ၁၀၀၅ | ၅၉၄ | |
| ၁၁ | ကျခတ်ချောင်းကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၄၅ | ၁၅၀၅ | ၁၅၀၅ | | |
| ၁၂ | ဒါလီကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၃၇ | ၃၆၃ | ၄၆၅ | | ၁၀၂ |
| ၁၃ | နတ်ချောင်းကမ်းနားကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၂၈၀၃ | ၂၀၉၇ | ၂၁၀၁ | | ၄ |
| ၁၄ | နတ်ချောင်းအလယ်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၄၂၇ | ၁၂၂၃ | ၅၈၀ | ၆၄၃ | |
| ၁၅ | ရသေ့ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၃၈ | ၅၆၂ | ၃၁၂ | ၂၅၀ | |
| ၁၆ | အမှတ်(၁)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၆၅၀ | ၄၆၈ | ၁၈၂ | ၁၃၄ | ၄၈ | |
| ၁၇ | အမှတ်(၂)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၂၅၀ | ၁၆၃ | ၈၇ | ၈၉ | | ၂ |
| ၁၈ | အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၇၅၀ | ၅၉၉ | ၁၅၁ | ၂၀၁ | | ၅၀ |
| ၁၉ | အမှတ်(၄)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၅၀၀ | ၄၀၂ | ၉၈ | ၉၈ | | |
| ၂၀ | အမှတ်(၅)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၆၅၀ | ၃၆၁ | ၂၈၉ | ၂၃၉ | ၅၀ | |
| ၂၁ | အမှတ်(၆)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၂၅၀ | ၁၆၄ | ၈၆ | ၈၆ | | |
| ၂၂ | မိတန်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၅၅၅ | ၁၃၉၅ | ၁၃၉၈ | | ၃ |
| ၂၃ | ကမော့သဲ(ဝင်းလုံ)ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၂၇၂ | ၁၆၂၈ | ၁၆၂၈ | | |
| ၂၄ | အဇင်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၉၇ | ၉၀၃ | ၉၅၅ | | ၅၂ |
| ၂၅ | နောင်တခိုကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၃၉၉ | ၁၀၅၁ | ၅၅၁ | ၅၀၀ | |
| ၂၆ | ထီဝါကလူးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၃၃၀ | ၄၂၀ | ၄၂၀ | | |
| ၂၇ | တောင်ဝိုင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၄၃၂ | ၁၄၆၈ | ၉၆၈ | ၅၀၀ | |
| ၂၈ | ခွီးကလုံကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၀၃ | ၈၄၇ | ၈၉၇ | | ၅၀ |

*စာမျက်နှာ ၁၅ သို့*

# တိုကျိုနှင့် အိုဆာကာအပါအဝင် ခရိုင်လေးခုကို တတိယအကြိမ်အရေးပေါ်အခြေအနေကြေညာရန် ဂျပန်အစိုးရ ပြင်ဆင်

**တိုကျို ဧပြီ ၂၂**

ဂျပန်အစိုးရသည် တိုကျိုနှင့် အိုဆာကာ အပါအဝင် ခရိုင်လေးခုကို တတိယအကြိမ် အရေးပေါ်အခြေအနေကြေညာရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးများ၏ တောင်းဆိုမှုကြောင့် ပြုလုပ်ရသော အဆိုပါ ဆောင်ရွက်ချက်များသည် လာမည့်သီတင်းပတ်တွင် စတင်မည့် သီတင်းပတ်တစ်ပတ်ကြာ အားလပ်ရက်မတိုင်မီ စတင်သက်ရောက်မည်ဖြစ်သည်။

အိုဆာကာခရိုင်တွင် ဧပြီ ၂၂ ရက်က နေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ခဲ့ပြီး ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀၀ ကျော်ရှိသည်။ သုံးရက်ဆက်တိုက်တစ်ဆက်တည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော်ရှိလာခဲ့ပြီ ဖြစ်သည်။



တိုကျိုရှိ ကိုဗစ်–၁၉ အခြေအနေများကို အကဲဖြတ်သည့် အစည်းအဝေးတစ်ခုကို တိုကျိုအစိုးရဌာနချုပ်တွင် ဧပြီ ၂၂ ရက်က ကျင်းပနေသည်ကို တွေ့ရစဉ်။

အိုဆာကာခရိုင်အနီး ကိုဘေးမြို့ရှိ အာဏာပိုင်များက ကိုဗစ်–၁၉ ကူးစက်ခံရသော အမျိုးသမီးတစ်ဦး ဆေးရုံတက်ရန် စောင့်ဆိုင်းနေစဉ် နေအိမ်၌ပင် သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ရုတ်တရက် ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်မှု တိုးလာသည့်အပေါ် ဒေသဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများက တုံ့ပြန်ရန်မစွမ်းသာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။

အိုဆာကာနှင့် အိမ်နီးချင်း ခရိုင်များမှ အုပ်ချုပ်ရေးမှူးများက ဘားများနှင့် စားသောက်ဆိုင်များကို ယမကာများရောင်းချခြင်းမပြုရေး တိုက်တွန်းရန်နှင့် အခမ်းအနားအစီအစဉ်များကိုလည်း ရွှေ့ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းရန်လည်း သဘောတူခဲ့ကြသည်။ တိုကျိုတွင်လည်း ကိုဗစ်–၁၉ ကူးစက်မှုများ တိုးလာသည်။ ဧပြီ ၂၂ ရက်တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၈၆၁ ဦးရှိကြောင်း မှတ်တမ်းတင် ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် ဒုတိယအကြိမ် နိုင်ငံတော်အရေးပေါ်အခြေအနေ ဖယ်ရှားလိုက်သည့်အချိန်မှစကာ နေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှုအမြင့်ဆုံးပမာဏ ဖြစ်သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို စောင့်ကြည့်နေသော ကျွမ်းကျင်သူတစ်ဦးက အသွင်ပြောင်းကိုဗစ်–၁၉ မျိုးစိတ်သစ်များ လွှမ်းမိုးလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ အကယ်၍ ယခု အခြေအနေအတိုင်းသာ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် သီတင်းပတ်နှစ်ပတ်အတွင်း ၂၀၀၀ ကျော်လာမည်ဖြစ်ကြောင်း တခြား ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားလိုက်သည်။ တိုကျိုအစိုးရက ယမကာရောင်းချခြင်းများနှင့် ကာရာအိုကေများကို လုံးဝပိတ်သိမ်းရန် စီစဉ်ထားကြောင်း ပြောသည်။ တခြားအစားအသောက် ရောင်းချမှုများကိုလည်း ည ၈ နာရီ နောက်ဆုံးထားပိတ်ရန် ပြောကြားထားသည်။

တိုကျိုအုပ်ချုပ်ရေးမှူး ကိုအီခဲ ယူရီကိုက တင်းကျပ်သည့် ကိုဗစ်–၁၉ ဆောင်ရွက်ချက်များကို ချက်ချင်းလုပ်ဆောင်ခြင်းသည် အရေးကြီးကြောင်း ပြောကြားလိုက်သည်။ ဗဟိုအစိုးရသည် နိုင်ငံတော် အရေးအပေါ်အခြေအနေကို တနင်္ဂနွေနေ့မှ မေ ၁၁ ရက်အထိ ကြေညာရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများလာသောကြောင့် ကန့်သတ်ပိတ်ဆို့မှုများကို ဧပြီ ၂၈ ရက်အထိချမှတ်ထား

ဖနောင်ပင် ဧပြီ ၂၂

**ကမ္ဘောဒီးယားနိုင်ငံတွင် ဧပြီ ၂၂ ရက်က ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၄၄၆ ဦး ရှိကြောင်း အတည်ပြုဖော်ပြခဲ့ရာ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ အတည်ပြုကူးစက်လူနာပေါင်း ၈၁၉၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။**




ဖနောင်ပင်မြို့ လူနေရပ်ကွက်တစ်ခုမှ ကိုဗစ်–၁၉ စစ်ဆေးတွေ့ရှိသူတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ရန် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆောင်ရွက်နေစဉ်။

ထို့အပြင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နောက်ထပ် ငါးဦး သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၅၉ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။ နောက်ထပ် ကိုဗစ်–၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၃၀ ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၉၂၄ ဦး ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်–၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူ ၃၃၁ ဦးမှာ မြို့တော် ဖနောင်ပင်မှ ဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၀ ရက်မှစကာ တတိယအကြိမ် ကိုဗစ်–၁၉ လူထုကူးစက်မှုဖြစ်ပွားခဲ့သည်။

ကိုဗစ်–၁၉ ကပ်ရောဂါကို ကန့်သတ်ထိန်းချုပ်ရန် ကြိုးစားမှုတစ်ရပ် အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်နယ်ချင်းခရီးသွားလာမှုများကို ဧပြီ ၆ ရက်မှ ဧပြီ ၂၈ ရက်အထိ တားမြစ်ထားပြီး မြို့တော်ဖနောင်ပင်နှင့် အိမ်နီးချင်း တာခါမူမြို့တို့ကို ဧပြီ ၁၅ ရက်မှ ဧပြီ ၂၈ ရက်အထိ ၁၄ ရက်ကြာ ကန့်သတ်ပိတ်ဆို့ထားသည်။ ထို့အပြင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကျောင်းများ၊ နိုင်ငံခြားသားများ လာရောက်လည်ပတ်ရာနေရာများ၊ အားကစားခန်းမများ၊ ပြတိုက်များ၊ ရုပ်ရှင်ရုံများနှင့် ဖျော်ဖြေရေးဆောင်ရွက်ချက်များကို ပိတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာ

**ဟောင်ကောင် ဧပြီ ၂၂**

ကိုဗစ်–၁၉ ကပ်ရောဂါသည် အာရှ–ပစိဖိတ် နိုင်ငံများတွင် ဆက်လက် ကူးစက်ပျံ့နှံ့လျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ဧပြီ ၂၂ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၃၁၀၀၀၀ ကျော်ရှိလာခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၇၆၇ဦး တိုးလာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ တစ်နေ့တာ ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၄၈၃၅ ဦး စံချိန်တင် ကူးစက် ဖြစ်ပွားခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၁၅၉၃၀၉၆၅ ဦး ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကြောင့် ၂၁၀၄ ဦး သေဆုံးခဲ့မှုနှင့်အတူ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၁၈၄၆၅၇ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကိုဗစ်–၁၉ ကူးစက်မှု စာရင်းသည် နေ့စဉ် တိုးလာခဲ့သောကြောင့် ဗဟိုအစိုးရက ယခုလို ဆိုးရွားပြင်းထန်လာသည့် အခြေအနေကို ထိန်းသိမ်းရန် ပြီးပြည့်စုံသော ကန့်သတ်ပိတ်ဆို့မှုကို ချမှတ်သွားမည်ဖြစ်သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၇၆၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၉၇၁၀၄၉ ဦး တိုးလာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်–၁၉ ကြောင့် ၁၀၅ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၆၃၇၀ ရှိလာခဲ့ပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

လူပေါင်း ၁၄ သန်းနီးပါး မှီတင်း နေထိုင်လျက်ရှိသော မြို့တော်မနီလာသည် ယခုအချိန် ဖြစ်ပွားရာ ဗဟိုချက်နေရာအထိ ကိုဗစ်–၁၉ ကူးစက် ဖြစ်နေဆဲဖြစ်သည်။




ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ထားသည့် ပြည်သူများ ကိုဗစ်–၁၉ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ သူရဲကောင်းများကို ချီးကျူးဖော်ပြထားသော ရုပ်ပုံအနီးမှလမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

**ဆင်ဟွာ**

## အာဂျင်တီးနားတွင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် သေဆုံးသူ ၆၀၀၀၀ ကျော်လွန်လာ

**ဗျူနိုအေးရိစ် ဧပြီ ၂၂**

အာဂျင်တီးနားနိုင်ငံတွင် ဧပြီ ၂၁ ရက်အထိ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် သေဆုံးသူ ၆၀၀၀၀ ကျော်လွန်လာခဲ့သည်။ ကျန်းမာရေးအာဏာပိုင်များက အာဂျင်တီးနား နိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် အရ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၆၀၀၈၃ ဦး ရှိလာခဲ့သည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်–၁၉ ထပ်မံတွေ့ရှိသူ ၂၅၉၃၂ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၆၉၅၂ ဦး ရှိလာခဲ့သည်။

နိုင်ငံတစ်ဝန်း အထူးကြပ်မတ်ကုသဆောင်ရှိ ၆၅ ဒသမ ၅ ရာခိုင်နှုန်းသော ခုတင်များသည် ပြည့်လျှံလျက်ရှိနေကြောင်း သိရသည်။ ယခုအချိန်အထိ အာဂျင်တီးနားတွင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၆၆၄၂၆၅၅ ဦးရှိပြီး ၎င်းတို့ အနက် ၈၃၉၇၃၆ ဦးမှာ အရေးကြီးအုပ်စုတွင် ပါဝင်ကာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း သန်း ၂၀၀ကျော်အထိ ရှိလာ

**နှင်းမိုးအိမ်**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း သန်း၂၀၀ ကျော်ရှိသွားပြီဟု မေ ၂၁ ရက်တွင် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ မေ ၂၁ ရက်တွင် အမေရိကန်၌ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း သန်း ၂၀၀ ပြည့်သွားပြီဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

## လူတိုင်းလူတိုင်း ကာကွယ်ဆေးထိုးရမည့်အချိန်

ယခုအခါ ကာကွယ်ဆေးထိုးနှံမှုအတွက် နောက်ထပ် ခြေလှမ်းသစ်တစ်ရပ်ဆီ ဦးတည်သွားနိုင်ပြီဖြစ်ပြီး ရိုးရိုးပြည်သူများထဲမှ ရောဂါကူးစက်နိုင်ခြေမြင့်သူများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်တော့မည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနိုင်ရန် သမိုင်းဝင်ကြိုးပမ်းမှုအတွက် နောက်ထပ်စာမျက်နှာသစ်ဖွင့်လှစ်ရတော့မည့်အချိန်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။ ယခုအချိန်သည် အသက် ၁၆ နှစ်နှင့်အထက် လူတိုင်းလူတိုင်း ကာကွယ်ဆေးထိုးရမည့် အချိန်ဖြစ်သည်ဟုလည်း ၎င်းကပြောကြားခဲ့သည်။

## အရှိန်တိုးမြှင့်ခဲ့

မေ ၂၁ ရက် အထိ အမေရိကန်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၁၅ သန်းခန့်ရှိပြီး ကိုဗစ် - ၁၉ ကာကွယ်ဆေးပေါင်း ၂၇၇သန်းကိုလည်း နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ အချက်အလက်များအရသိရသည်။ လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူ အမေရိကန်နိုင်ငံသား ၈၇ သန်းရှိပြီး အမေရိကန်လူဦးရေ ၏ ၂၆ ဒသမ ၄ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏အချက်အလက်များအရ သိရသည်။ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူ အမေရိကန်နိုင်ငံသား ၁၃၄ သန်း ခန့်ရှိပြီး နိုင်ငံလူဦးရေ၏ ၄၀ ဒသမ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများအနက် အသက် ၆၅နှစ် နှင့်အထက် မှာ ၃၅ သန်းရှိပြီး ၆၅.၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု သိရသည်။ အမေရိကန်သည် ကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက အရှိန်တိုးမြှင့်ခဲ့သည်။

## ရပ်တန့်ထား

တိုင်းပြည်အတွင်း အရေးပေါ်အခြေအနေအတွက် ကိုဗစ် -၁၉ ကာကွယ်ဆေးသုံးမျိုးကို အတည်ပြုခွင့်ပြုထားသည်။ အမေရိကန်ဆေးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် ဂျာမနီကုမ္ပဏီတို့ ပူးပေါင်းကာထုတ်လုပ်ထားသည့် ကိုဗစ် -၁၉ ကာကွယ်ဆေး နှင့်နောက်ထပ် အမေရိကန်ဆေးကုမ္ပဏီကြီးဖြစ်သည့် မော်ဒါနာမှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးတို့ကို ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းမှ စတင်ကာ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးက ခွင့်ပြုချက်ပေးခဲ့သည်။ Johnson & Johnson ကိုဗစ် -၁၉ ကာကွယ်ဆေးကိုမူ ဖေဖော်ဝါရီ ၂၇ ရက်တွင် အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုချက်ပေးခဲ့သည်။ သို့သော်လည်း ကာကွယ်ဆေးထိုးနှံမှုခံယူသူ ခြောက်ဦးတွင် ရှားပါးသောသွေးခဲမှုဖြစ်စဉ်ကြောင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း အဆိုပါကာကွယ်ဆေးထိုးမှုကို ရပ်တန့်ထားသည်။

**အမေရိကန်တွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၂၁၅ သန်းခန့်ရှိပြီး ကိုဗစ် - ၁၉ ကာကွယ်ဆေးပေါင်း ၂၇၇သန်းကိုလည်း နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးထားပြီး ဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ် ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ လက်ရှိအချိန်အထိ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ အမေရိကန်နိုင်ငံသား ၈၇ သန်းရှိပြီး အမေရိကန် လူဦးရေ ၏ ၂၆ ဒသမ ၄ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း အမေရိ ကန်ရောဂါကာကွယ်ရေး နှင့် ထိန်းချုပ်ရေးစင်တာ၏ အချက်အလက်များအရ သိရ**



ကယ်လီဖိုးနီးယားပြည်နယ် တက္ကသိုလ်ဝင်းအတွင်း ကိုဗစ် -၁၉ကာကွယ်ဆေးထိုးပေးရာစင်တာကို တွေ့ရစဉ်။

## ဆေးရုံတက်ရသူအရေအတွက် လျော့ကျလာ

ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း အမေရိကန် ရောဂါ ကာကွယ်ရေးနှင့်ထိန်းချုပ်ရေးစင်တာ၏ အချက်အလက်များအရ လတ်တလော ဖိုက်ဇာ -ဘိုင်ရွန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၁၃ သန်းရှိပြီး မော်ဒါနာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၉၄ သန်းနှင့် Johnson & Johnson ကိုဗစ် - ၁၉ ကာကယ်ဆေးထိုးပြီးသူ ၇ ဒသမ ၉ သန်း ရှိသည်ဟု သိရသည်။ နယူးယောက်တွင်လည်း ကိုဗစ် - ၁၉ ကြောင့် ဆေးရုံတက်ကုသမှုခံယူရသူအရေအတွက်မှာ ၃၇၅၇ ဦးအထိ လျော့ကျလာခဲ့သည်။ မေ ၂၀ ရက်ကမူ ဆေးရုံတက် ကာကုသမှုခံယူရသူ ၃၈၇၃ ဦး ရှိခဲ့သည်ဟု နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောကြားခဲ့သည်။

## အနိမ့်ဆုံးပမာဏဖြစ်

မေ ၂၀ ရက် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရသူအရေအတွက်မှာလည်း ၂ ဒသမ ၁၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။ ယင်းနေ့တွင်ပင် နယူးယောက်၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၅၃ ဦး ရှိခဲ့သည်။ မေ ၂၁ ရက်တွင်မူ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်တစ်ဝန်း တစ်ပတ်တာအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှုနှုန်းမှာ ၂ ဒသမ ၆၉ ရာခိုင်နှုန်းကျဆင်း သွားပြီး ယင်းအရေအတွက်သည် နိုဝင်ဘာ ၁၁ ရက်မှ စတင်ကာ အနိမ့်ဆုံးပမာဏပင်ဖြစ်သည်ဟု တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။

## ပြင်ဆင်နေ

နယူးယောက်တွင် နေ့တိုင်းနေ့တိုင်း ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် လူတိုင်းလုံခြုံစိတ်ချရသည့် အပြုအမူများ ပြုမူနေထိုင်ရေးအတွက် အလေ့အကျင့်ကောင်းများ ပြုမူနေထိုင်လျက်ရှိကြောင်း ဒေသခံများကို ကိုဗစ် -၁၉ ကာကွယ်ဆေး လျင်လျင်မြန်မြန် ထိုးနှံပေးနိုင်ရေးအတွက် အတတ်နိုင်ဆုံးကြိုးပမ်းနေသည်ဖြစ်ရာ ဒေသခံများအနေဖြင့် နီးနီးကြားကြားနှင့် ဖွဲ့ရှိကြရန်လည်း လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ နယူးယောက်ဒေသခံများ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် ပြင်ဆင်နေကြကြောင်း ကာကွယ်ဆေးထိုးနှံပေးရေးစင်တာများနှင့် ကာကွယ်ဆေးထိုးခွင့်ရှိသူ အရေအတွက်ကို တိုးချဲ့သွားရန်လည်း ပြင်ဆင်နေသည်ဟု ပြောသည်။

## အလှမ်းဝေးကွာနေဆဲဖြစ်

သို့သော်လည်း ယခုအချိန်အထိ လမ်းခရီးအဆုံးကိုရောက်ရန် အလှမ်းကွာဝေးနေဆဲဖြစ်သည်ဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။ နယူးယောက်ဒေသခံများအနေဖြင့် မိမိတို့မိသားစုဝင်များနှင့် မိတ်ဆွေအပေါင်းအသင်းများ လုံခြုံစိတ်ချရစေရေးအတွက် လက်ပုံမှန် ဆေးကြောခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာအစီအစဉ်များအတိုင်း နေထိုင်ခြင်းတို့ကို ဆက်လက်ပြုလုပ်သွားရန် လိုအပ်သေးသည်ဟု ၎င်းကပြောသည်။ ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုအန္တရာယ်မှာ စိုးရိမ်ဖွယ်ရာကောင်းသည့် အခြေအနေရှိနေဆဲဖြစ်ကြောင်းနှင့် လူတိုင်းလူတိုင်းအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီနှင့် အသိုင်းအဝိုင်းတစ်ခုလုံးက ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် အစွမ်းကုန်ကြိုးစားလုပ်ကိုင်ကြမည်ဆိုလျှင် ကိုဗစ် -၁၉ တိုက်ပွဲတွင် အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟုလည်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

## ဒုတိယသေနှုန်းအမြင့်ဆုံး ပြည်နယ်

နယူးယောက်သား ၄၂ ဒသမ ၆ ရာခိုင်နှုန်းမှာ အနည်းဆုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးပြီဟုလည်း မေ ၂၁ ရက်တွင် အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။ ၂၉ ဒသမ ၂ ရာခိုင်နှုန်းမှာ နှစ်ကြိမ်တိုင်တိုင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီးပြီဟု သိရသည်။ မေ ၂၂ ရက်အတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေး အလုံးရေပေါင်း ၁၆၉၇၄၆ ကို ထိုးနှံပေးပြီးဖြစ်သည်ဟု သိရသည်။ ယခုအချိန်အထိ နယူးယောက်တွင် ကာကွယ်ဆေးအလုံးရေပေါင်း ၁၃၇၅၂၇၁၅ ထိုးပေးခဲ့ပြီးဖြစ်သည်။ မေ ၂၁ ရက် မွန်းလွဲပိုင်းအချိန်အထိ နယူးယောက်ပြည်နယ်တွင် ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာ ၅၁၇၃၁ ဦးရှိပြီး ကယ်လီဖိုးနီးယားပြည်နယ်ပြီးလျှင် တိုင်းပြည်အတွင်း ဒုတိယသေနှုန်းအမြင့်ဆုံး ပြည်နယ်ဖြစ်သည်။

## တိုက်တွန်းခဲ့

ကယ်လီဖိုးနီးယားပြည်နယ်တွင်မူ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၆၁၁၇၁ ဦးရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။ အမေရိကန်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန် ဝန်ထမ်းများအား ခွင့်ပေးသည့် လုပ်ငန်းရှင်များကို အခွန်ငွေပေးဆောင်ရာတွင် ခုနှိမ်မည်ဟု ဂျိုးဘိုင်ဒင်က ကမ်းလှမ်းခဲ့သည်။ အလုပ်သမား ဝန်ထမ်း ၅၀၀အောက် လျော့နည်းသည့်လုပ်ငန်းရှင်များတွင် သက်ရောက်မှုရှိမည်ဖြစ်သည်။ စက်တင်ဘာလကုန်ပိုင်းတွင်စတင်ခံစားခွင့်ရှိမည်ဟု သိရသည်။ ပြည်သူများအနေဖြင့်လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းအပါအဝင် ကိုဗစ် -၁၉ ကာကွယ်ရေးအစီအမံများကို ဆက်လက်လိုက်နာကြရန်လည်း အမေရိကန်သမ္မတက တိုက်တွန်းခဲ့သည်။ ။

ကိုးကား - ဆင်ဟွာ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၆၈၇ ဦးရှိ

### (၂၂-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၁-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၃,၅၀၀) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၈၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၂၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၂၂-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၆၀၈၂၃၅ | ၂၅၁၇၇၄၉၈ | ၅၈၃၄၂၇ |
| ၂။ | အိန္ဒိယ | ၁၆၀၀၃၈၂၀ | ၁၃၄၇၃၈၆၀ | ၁၈၄၉၈၆ |
| ၃။ | ဘရာဇီး | ၁၄၁၂၂၇၉၅ | ၁၂၆၄၆၁၃၂ | ၃၈၁၆၈၇ |
| ၄။ | ပြင်သစ် | ၅၃၇၄၂၈၈ | ၄၂၁၈၂၉၄ | ၁၀၁၈၈၁ |
| ၅။ | ရုရှား | ၄၇၃၆၁၂၁ | ၄၃၆၁၈၀၇ | ၁၀၇၁၀၃ |
| ၆။ | တူရကီ | ၄၄၄၆၅၉၁ | ၃၈၄၄၃၄၂ | ၃၆၉၇၅ |
| ၇။ | ဗြိတိန် | ၄၃၉၅၇၀၃ | ၄၁၆၆၇၃၄ | ၁၂၇၃၂၇ |
| ၈။ | အီတလီ | ၃၉၀၄၈၉၉ | ၃၃၁၁၂၆၇ | ၁၁၇၉၉၇ |
| ၉။ | စပိန် | ၃၄၄၆၀၇၂ | ၃၁၅၁၅၈၇ | ၇၇၃၆၄ |
| ၁၀။ | ဂျာမနီ | ၃၂၂၇၄၁၄ | ၂၈၄၅၃၀၀ | ၈၁၆၀၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၄ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၂၆၈၁၂ | ၁၄၈၁၄၄၉ | ၄၄၁၇၂ |
| ဖိလစ်ပိုင် | ၉၇၁၀၄၉ | ၈၄၆၆၉၁ | ၁၆၃၇၀ |
| မလေးရှား | ၃၈၄၆၈၈ | ၃၆၁၂၆၇ | ၁၄၀၇ |
| မြန်မာ | ၁၄၂၆၈၉ | ၁၃၁၉၂၁ | ၃၂၀၆ |
| စင်ကာပူ | ၆၀၉၀၄ | ၆၀၅၇၆ | ၃၀ |
| ထိုင်း | ၄၈၁၁၃ | ၂၉၈၄၈ | ၁၁၇ |
| ကမ္ဘောဒီးယား | ၈၁၉၃ | ၂၉၂၄ | ၅၉ |
| ဗီယက်နမ် | ၂၈၁၆ | ၂၄၉၀ | ၃၅ |
| ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| လာအို | ၉၄ | ၄၉ | ၀ |

*စာမျက်နှာ ၁၂ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၂၉ | ဖားကွီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၆၉၄ | ၇၅၆ | ၇၅၂ | ၄ | |
| ၃၀ | တောင်ကလေးကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၂၈၇ | ၁၇၆၃ | ၁၆၆၃ | ၁၀၀ | |
| ၃၁ | လယ်တောကြီးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၅၆၈ | ၁၁၈၂ | ၁၁၇၉ | ၃ | |
| ၃၂ | ပိုင်ကလာဒုံကျေးရွာအုပ်စု | ၁ | ၉၅၀ | ၂၉၈ | ၆၅၂ | ၆၅၂ | | |
| ၃၃ | မိနအကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၈၅၅ | ၆၄၅ | ၆၉၇ | | ၅၂ |
| ၃၄ | ခနုံးကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၀၁ | ၁၂၄၉ | ၁၂၅၁ | | ၂ |
| ၃၅ | ကစပ်ကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၁၁၇၇ | ၁၆၂၃ | ၁၆၂၃ | | |
| ၃၆ | ဆိပ်ကလေးကျေးရွာအုပ်စု | ၆ | ၁၂၂၅၀ | ၆၉၀၁ | ၅၃၄၉ | ၄၅၅၄ | ၇၉၅ | |
| ၃၇ | ခလယ်စောကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၁၆၀၄ | ၁၈၉၆ | ၁၈၉၃ | ၃ | |
| ၃၈ | ခွေးသိုးဆိပ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၈ | ၂၄၂ | ၂၄၂ | | |
| ၃၉ | ခလယ်ကျေးရွာအုပ်စု | ၅ | ၅၈၅၀ | ၄၀၈၄ | ၁၇၆၆ | ၁၇၁၆ | ၅၀ | |
| ၄၀ | တံခွန်တိုင်ကျေးရွာအုပ်စု | ၆ | ၆၈၅၀ | ၄၆၁၃ | ၂၂၃၇ | ၂၃၃၆ | | ၉၉ |
| ၄၁ | တောင်ဒီးကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၆၆၆ | ၇၃၄ | ၄၃၄ | ၃၀၀ | |
| ၄၂ | ဝင်းရော်ဆိပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၈၃၁ | ၆၁၉ | ၅၁၈ | ၁၀၁ | |
| ၄၃ | အကလောကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၀၉ | ၂၉၁ | ၂၉၁ | | |
| ၄၄ | ကွမ်ကသောင်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၀၇၁ | ၁၀၇၉ | ၉၈၁ | ၉၈ | |
| ၄၅ | အမှတ်(၁)ရပ်ကွက်၊ ဘုရားသုံးဆူ | ၂ | ၄၉၅၀ | ၂၂၉၀ | ၂၆၆၀ | ၁၅၁၀ | ၁၁၅၀ | |
| ၄၆ | အမှတ်(၂)ရပ်ကွက်၊ ဘုရားသုံးဆူ | ၁ | ၂၂၅၀ | ၁၂၈၂ | ၉၆၈ | ၆၈ | ၉၀၀ | |
| ၄၇ | အမှတ်(၃)ရပ်ကွက်၊ ဘုရားသုံးဆူ | ၃ | ၆၄၅၀ | ၃၅၇၄ | ၂၈၇၆ | ၁၁၃၅ | ၁၇၄၁ | |
| ၄၈ | အမှတ်(၄)ရပ်ကွက်၊ ဘုရားသုံးဆူ | ၂ | ၄၄၀၀ | ၁၉၈၅ | ၂၄၁၅ | ၂၄၁၅ | | |
| ၄၉ | ပြောင်မထိမ်ကျေးရွာအုပ်စု | ၇ | ၁၆၉၀၀ | ၄၇၆၄ | ၁၂၁၃၆ | ၁၁၉၃၉ | ၁၉၇ | |
| ၅၀ | ကျုံခဝန်ကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၂၇၀၂ | ၁၂၉၈ | ၁၂၉၂ | ၆ | |
| ၅၁ | ဖားပြကျေးရွာအုပ်စု | ၇ | ၂၀၈၀၀ | ၅၆၄၇ | ၁၅၁၅၃ | ၆၇၇၀ | ၈၃၈၃ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၀ | ၁၆၄၅၅၀ | ၈၁၆၂၀ | ၈၂၉၃၀ | ၆၄၇၄၀ | ၁၈၆၀၈ | ၄၁၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၂၀ | ၇၂၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၉၇၆ | | ၁၁၉၇၆ | ၁၁၉၇၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၂

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မင်းခိုင် (လ/ထ ဆရာဝန်) | ပဲခူးယ်ကုန်း တိုက်နယ်ဆေးရုံ | ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ သီဟအောင် (လ/ထ ဆရာဝန်) | တောကျွဲအင်း တိုက်နယ်ဆေးရုံ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ပြည့်ဖြိုးအောင် (လ/ထ ဆရာဝန်) | မြို့ချောင်း တိုက်နယ်ဆေးရုံ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ မြတ်သီတာရွှေ (လ/ထ ဆရာဝန်) | မူဆယ် ပြည်သူ့ဆေးရုံ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ မျိုးသက်ဦး (လ/ထ ဆရာဝန်) | လားရှိုး ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ အောင်မော် (လ/ထ ဆရာဝန်) | တီးတိန် ပြည်သူ့ဆေးရုံ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ မေသူအောင် (လ/ထ ဆရာဝန်) | မင်းတပ် ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ဝင်းနိုင်ထွန်း (လ/ထ ဆရာဝန်) | ဟုမ္မလင်း ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ရှိုင်းထက်ဝေ အောင်ဇော် (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ အောင်စိုးမင်း (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ နီနီနေဦး (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ အောင်မြင့်သူ (လ/ထ ဆရာဝန်) | နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ ခွန်မင်းမော် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ဇာဏီဦး (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ နိုင်ဝေအောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ သန်းလွင်ထွန်း (မြို့နယ် ဆရာဝန်ကြီး) | မတ္တရာမြို့နယ်၊ ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ သူရိန်စိုး (အထူးကု) | ဗန်းမော် ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ရာဇာထွန်း (လ/ထ ဆရာဝန်) | တန့်ယန်းမြို့ ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာမြသဲဖြူ (အထူးကု) | လားရှိုး ပြည်သူ့ဆေးရုံကြီး | လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ အောင်လင်းဖြိုး (လ/ထ ဆရာဝန်) | နောင်ချို ပြည်သူ့ဆေးရုံ | နောင်ချိုမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် မတ္တရာပြည်သူ့ဆေးရုံမှ ဒေါက်တာသန်းလွင်ထွန်း (မြို့နယ်ဆရာဝန်ကြီး) သည် “မြို့နယ်ဆရာဝန်ကြီး’’ဆေးခန်း၌လည်းကောင်း၊ ဗန်းမော် ပြည်သူ့ဆေးရုံမှ ဒေါက်တာသူရိန်စိုး (အထူးကု)သည် “စိန်သစ္စာ” ဆေးရုံ၌လည်းကောင်း၊ တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ ရာဇာထွန်း (လ/ထ ဆရာဝန်)သည် သွားနှင့် ခံတွင်း ဆေးခန်း၌လည်းကောင်း၊ လားရှိုးပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ မြသဲဖြူ (အထူးကု)သည် သားဖွားမီးယပ်အထူးကုဆေးခန်း၌ လည်းကောင်း၊ နောင်ချို ပြည်သူ့ဆေးရုံမှ ဒေါက်တာ အောင်လင်းဖြိုး (လ/ထ ဆရာဝန်)သည် “မိဘမေတ္တာ” ဆေးခန်း၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက် ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာသန်းလွင်ထွန်း(မြို့နယ်ဆရာဝန်ကြီး၊ မတ္တရာပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် “မြို့နယ်ဆရာဝန်ကြီး”ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာသန်းလွင်ထွန်း

စာမျက်နှာ ၁၇ သို့


# ဥပဒေနှင့်မညီသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ လိုင်စင်ပယ်ဖျက်သွားမည်ဖြစ်

နေပြည်တော် မေ ၂၂

မိုးကုတ်မြို့ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်လျက်ရှိသည့် ဒေါက်တာအာကာသစ်ထွန်း(လက်ထောက်ဆရာဝန်)သည် ပြင်ပပုဂ္ဂလိကဆေးရုံဖြစ်သည့် သမားတော်ဆေးခန်း၌ လည်းကောင်း၊ ဒေါက်တာယုမောင် (လက်ထောက်ဆရာဝန်)သည် စွမ်းအားသစ်ဆေးခန်း၌လည်းကောင်း၊ ဒေါက်တာကျော်သူရ(လက်ထောက်ဆရာဝန်)သည် ကျပ်ပြင်ရှိ ပုဂ္ဂလိက(အမည်မရှိ)ဆေးခန်းတစ်ခု၌လည်းကောင်း၊ မော်လမြိုင် ပြည်သူ့ဆေးရုံမှ ဒေါက်တာသဲဝါလင်း (လက်ထောက်ဆရာဝန်)သည် အဓိပတိဆေးခန်း၌ လည်းကောင်း ဆေးကုသမှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ တာဝန်နှင့်ကျင့်ဝတ်များကို လျစ်လျူရှုပြီး CDM ပြုလုပ်နေသည့် ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အရေးယူသည့်ပြင် ၎င်းတို့အား လက်ခံ၍ ဆေးကုသခွင့်ပေးနေသော သမားတော်ဆေးခန်း၊ စွမ်းအားသစ်ဆေးခန်း၊ ကျပ်ပြင်ရှိ ပုဂ္ဂလိက(အမည်မရှိ)ဆေးခန်းနှင့် အဓိပတိဆေးခန်းတို့အား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



ဒေါက်တာ အာကာသစ်ထွန်း(လက်ထောက်ဆရာဝန်၊ မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "သမားတော်"ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်သူရ (မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်း အမည်မရှိမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ယုမောင် (မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "စွမ်းအားသစ်"ဆေးခန်း မှတ်တမ်းဓာတ်ပုံ




ဒေါက်တာ သဲဝါလင်း(လက်ထောက်ဆရာဝန်၊ မော်လမြိုင်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "အဓိပတိ"အထွေထွေရောဂါ ကုဆေးခန်းမှတ်တမ်းဓာတ်ပုံ

---

စာမျက်နှာ ၁၆ မှ



ဒေါက်တာ သူရိန်စိုး (ဗန်းမော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "စိန်သစ္စာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သူရိန်စိုး



ဒေါက်တာ မြသဲဖြူ(လားရှိုးပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် သားဖွားမီးယပ်အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မြသဲဖြူ



ဒေါက်တာ အောင်လင်းဖြိုး(နောင်ချိုပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "မိဘမေတ္တာ" ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အောင်လင်းဖြိုး



ဒေါက်တာ ရာဇာထွန်း(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် သွားနှင့်ခံတွင်းဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ရာဇာထွန်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရူးရူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ထပ်မံထုတ်ပြန်

နေပြည်တော် မေ ၂၂

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့်အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ထပ်မံထုတ်ပြန်အပ်ပါသည်။

## ဥပဒေပုဒ်မ ၅၀၅ – က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Kyaw Kyaw Htay Lwin https://www.facebook.com/KrReturn | ကျော်ကျော်ထွေးလွင် (ခ) မင်းမော်ကွန်း  | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Paing Phyoe Thu https://www.facebook.com/victoria.win1 | ပိုင်ဖြိုးသု  | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Khin Wint Wah https://www.facebook.com/ActressKhinWintWah | ခင်ဝင့်ဝါ  | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Novem Htoo https://www.facebook.com/novemscreamer | နိုဗန်ထူး  | မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | The Khit Nay https://www.facebook.com/thekhitnay13 | သက်ခိုင်ဝင်း  | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Mya Hnin Yee Lwin (Einge) https://www.facebook.com/myahnin.lwin | မြနှင်းရည်လွင်  | ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Mratt Kyaw Thu https://www.facebook.com/mrattkthu | မြတ်ကျော်သူ  | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Thurein Hlaing Win https://www.facebook.com/thurein.hlaingwin | ဒေါက်တာ သုရိန်လှိုင်ဝင်း  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | May Oo https://www.facebook.com/MayOoOfficial | မေဦး  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Travel by Naw Htike https://www.facebook.com/travelbynawhtike | နော်ထိုက်ထိုက်ထွန်း  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | May Zune Win https://www.facebook.com/mayzunewin3 | မေဇွန်ဝင်း  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Yan Naing Bo https://www.facebook.com/yan.bo.9 | ရန်နိုင်ဗိုလ်  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Zin Zae Lwin https://www.facebook.com/zin.zae | ဇင်မျိုးလွင်  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Naing Zay Min https://www.facebook.com/naing.zay.52 | နိုင်ဇေမင်း  | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၅ | Ye Wint Thu https://www.facebook.com/yewintthudvb | ရဲဝင့်သူ  | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | အောင်ငြိမ်းကျော် https://www.facebook.com/desuukyaw29 | အောင်ငြိမ်းကျော်  | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Myo Win https://www.facebook.com/myowin84 | မျိုးဝင်း  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Phyo Thu Kha https://www.facebook.com/100016422935728 | ဖြိုးသုခ  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Khin Nant Thar https://www.facebook.com/KNT26 | ခင်နန္ဒာ  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Ni Ni Moe https://www.facebook.com/mama.moe.73932 | နီနီမိုး  | ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

## နေ့အပူချိန်များ

နေပြည်တော် မေ ၂၂

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိ နေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၄ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်-

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။
(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။
(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။
(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။
(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။
(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။
(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။
(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆူပူအကြမ်းဖက်သူ လူစုအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်



မိုင်းယောင်းမြို့၌ လက်လုပ်ဗုံးတစ်လုံး တွေ့ရှိမှု။



မြောက်ဥက္ကလာပမြို့နယ်၌ လက်လုပ်ဗုံးတစ်လုံး တွေ့ရှိမှု။

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူစုအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များအား လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများ၊ တံတားများပေါ်တွင် လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများ ချထားခြင်းများကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာကြသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် ၂၀၂၁ ခုနှစ် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့ အမှတ်(၂) ရပ်ကွက်နေ ဦးမြင့်လွင်(၆၅)နှစ် (ဘ) ဦးလှသန်း၏ နေအိမ်အတွင်းသို့ အကြမ်းဖက်သူ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ နေအိမ်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ဦးမြင့်နိုင်ပါ အမျိုးသားနှစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**လက်လုပ်ဗုံးဖြင့် ပစ်ပေါက်**

အလားတူ ညနေ ၃ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၉) ရပ်ကွက်ရှိ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနရုံးသို့ အကြမ်းဖက်သူ (စိစစ်ဆဲ) က လက်လုပ်ဗုံးနှစ်လုံးနှင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးနှစ်လုံးမှာ အဆိုပါရုံးဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းရှေ့ မျက်နှာစာနှင့် ဘယ်ဘက်ခြမ်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက် ဗဟိုလမ်းနှင့် အုတ်ကျင်းဘူတာရုံလမ်းထောင့်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ပေါက်ကွဲပြီးဖြစ်သော လက်လုပ်ဗုံး အပိုင်းအစများနှင့် မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးတစ်လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု မရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တောင်ရပ်ကွက် ဦးပွား ခုံးကျော်တံတား အရှေ့ဘက် အဆင်းလမ်းရှိ ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူ အမျိုးသားတစ်ဦး (စိစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးရှေ့ရှိ ဘန်ကာရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူအမျိုးသားနှစ်ဦး (စိစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရုံးရှေ့ဝင်ပေါက်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာအနီးရှိ ရွှေသံလွင်တိုးဂိတ်အနီး ကျိုက်ထိုမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ) က လက်လုပ်မိုင်းတစ်လုံး ပစ်ပေါက်ခဲ့ရာ အဆိုပါ လက်လုပ်မိုင်းမှာ တိုးဂိတ်နှင့် ပေ ၉၀ ခန့် အကွာ၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု မရှိကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (ဇ/မြောက်) ရပ်ကွက်ရှိ အမျိုးသားဒီမိုကရေစီ ပါတီသစ်ရုံးခြံဝင်း အတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံးဝင်းအတွင်း၌ ပေါက်ကွဲပြီးသော လက်လုပ်ဗုံးအပိုင်းအစများနှင့် မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးတစ်လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၅၀ တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် နယ်မြေ(၆)ရှိ အမှတ်(၄)စစ်သားစုဆောင်းရေးတပ်ဝင်းအတွင်းသို့ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ နေအိမ်လိုင်းခန်းခေါင်မိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နေအိမ်ခေါင်မိုးသွပ် နှစ်ပေခန့်နှင့် မျက်နှာကြက် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ မိနစ် ၅၀ တွင် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် နယ်မြေ(၄) အမှတ်(၂၀၀/ခ) နေ ဦးအောင်ဂမ်၏ နေအိမ်ခြံဝင်းအတွင်းသို့ အကြမ်းဖက်သူအမျိုးသားတစ်ဦး (စိစစ်ဆဲ) က လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ နေအိမ် ခြံဝင်းအတွင်းရှိ ဝရန်တာရှေ့ မြေကွက်လပ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။



တောင်ကြီးမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိမှု။

**လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲ**

အလားတူ ည ၈ နာရီခန့်တွင် ရွှေကူမြို့ အမှတ် (၄) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီး၌ လည်းကောင်း၊ ည ၈နာရီ ၁၅ မိနစ်တွင် အမှတ် (၂)ရပ်ကွက်ရှိ ကွက်သစ်ဈေးရှေ့တို့၌ လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုများကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ခြံစည်းရိုးအုတ်တံတိုင်း အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့အတူ ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ(၅) မန်ခိန်ရွှေစက်လမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန်ခိန်ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၏ တောင်ဘက် ပေ ၄၀၀ ခန့်အကွာ မန်ခိန်ရွှေစက်လမ်းအစပ်တွင် ပေါက်ကွဲပြီးသော လက်လုပ်ဗုံး အပိုင်းအစများအား တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၂၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) ရပ်ကွက် သုဓမ္မာလမ်းမကြီး အုတ်ပုံဆိပ်ခံတံတားအတက် ဝဲဘက်ခြမ်း တံတားပေါင်ပေါ်၌ လက်လုပ်ဗုံးတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော အရှည်ခုနစ်လက်မခန့်ရှိ စနက်တံပါ လက်လုပ်ဗုံးတစ်လုံးဖြစ်ကြောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြု လုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဈေးချိုရပ်ကွက် စစ်ကိုင်း-မန္တလေးလမ်းဘေးရှိ စုပေါင်းရုံးဝင်းအား အကြမ်းဖက်သူအမျိုးသားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ရုံးဝင်းတောင်ဘက်မှ လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ စုပေါင်းရုံးဝင်းတောင်ဘက် ဝင်ပေါက်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဈေးရပ်ကွက် နာရီစင်အား အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ နာရီစင်အရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နာရီစင်နှင့် နာရီစင်အနီးရှိ ပိတ်ထားသော အထည်ဆိုင်တို့မှ မှန်အချို့ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ခွာညိုလမ်းနှင့် ဇေတဝန်လမ်းထောင့်၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ကြည့်မြင်တိုင်ဘူတာသံလမ်းအမှတ် (၁၀) နှင့် (၁၁) အကြားတွင် လက်လုပ်ဗုံးတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ယမ်းထုပ်အား ဝိုင်ယာကြိုး၊ ခဲတက်ခဲတို့ဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် လက်လုပ်ဗုံးတစ်လုံးဖြစ်ကြောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဥပဒေနှင့်အညီ အရေးယူမည်**

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများအားလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွဲနွားကုန်သွယ်မှု

## တောင်သူကြီး - မွေးကု

### လက်ရှိအနေအထား

မြန်မာနိုင်ငံတွင် ကျွဲနွားများကို အရေးကြီးကုန်ပစ္စည်းအဖြစ် သတ်မှတ်ထားခဲ့သည့် အတွက် ကျွဲနွားများ ပြည်ပသို့တင်ပို့ရောင်းချမှုသည် ရှေးယခင်က တရားမဝင်ကုန်သွယ်မှု အဖြစ်သာ တည်ရှိခဲ့သည်။ မြန်မာနိုင်ငံမှ ကျွဲနွားများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။ တရုတ်နိုင်ငံသို့ ကျွဲနွားတင်ပို့မှုမှာ နှစ်စဉ် ကောင်ရေ(၁၀) သိန်းကျော်ရှိသည်ဟု လေ့လာသိရှိရသည်။ သို့ရာတွင် မြန်မာနိုင်ငံမှ မွေးမြူသူများသည် နယ်စပ်မျဉ်း တစ်လျှောက် လုံခြုံရေး အခြေအနေအရကြောင့် လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် လည်းကောင်း ရရှိသင့်သလောက် အကျိုးအမြတ် မရရှိခဲ့ကြပေ။

ကျွဲနွားများကို ပြည်ပသို့ တရားဝင် တင်ပို့ရောင်းချခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၉/၂၀၁၇ ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ ခွင့်ပြုခဲ့ပြီးနောက် ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ ကျွဲနွား ၅၃၀၀၀၀ ကျော်ကို တင်ပို့ ရောင်းချနိုင်ခဲ့ကာ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၆၂ သန်းကျော် ရရှိခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျွဲနွားတင်ပို့မှုအတွက် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် ထုတ်ပေးခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အချိန်တိုအတွင်း အဆင်ပြေ ချောမွေ့စွာ ထုတ်ပေးနိုင်ရေး၊ ကုန်သွယ်ရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်များ ပြန်ကြား ပေးခြင်းတို့အတွက် အများပြည်သူ ဝန်ဆောင်မှုရုံး (OSS) ကို နေပြည်တော် ရုံးအမှတ် (၃၆) တွင် ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ကျွဲနွားများကို ပြည်ပသို့ တရားဝင် တင်ပို့ရောင်းချခွင့်ပြုပြီး ကျွဲနွား ကုန်သွယ်မှုသည် မြန်မာနိုင်ငံအတွက် ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်နေသော်လည်း ကျွဲနွားများကို တရားမဝင် ရောင်းချမှုမှာလည်း တည်ရှိနေဆဲပင်။ ကျွဲနွားကုန်သွယ်မှုနှင့် ပတ်သက်၍ ၂၀၂၀ပြည့်နှစ် ဩဂုတ်လအတွင်း၌ ပြည်သူများက လူမှုကွန်ရက်မှတစ်ဆင့် အသိပေးဖော်ပြလာသည့် "ယိုဖိတ်နေသော ပြည်သူ့ ဘဏ္ဍာများနှင့် အကျင့်ပျက် လာဘ်စား အဂတိလိုက်စားနေသူများအား ဖော်ထုတ်အရေးယူပေးရန်" (တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကျွဲ၊နွားများ တရားဝင်/ တရားမဝင် သယ်ဆောင်နေမှုကိစ္စ) အကြောင်းအရာအပေါ် စုံစမ်းစစ်ဆေး တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်နိုင်ငံ တရားဝင်ကုန်သွယ်မှု စတင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်ရန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ တွေ့ဆုံညှိနှိုင်းပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်မှစ၍ ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများကို ယာယီရပ်ဆိုင်းခဲ့သည်။

### လက်ငင်း ဆောင်ရွက်ပေးမှုများနှင့် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ

တရားဝင်လမ်းကြောင်းမှ တင်ပို့ရန်အခက်အခဲဖြစ်နေသော ကုမ္ပဏီများမှ ကျွဲနွားများအား နယ်စပ်မှ ပြည်တွင်းသို့ ပြန်လည်သယ်ဆောင်ခွင့်ပြုနိုင်ရန် လျှောက်ထားလာမှုအပေါ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းကာ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးဝါးကုသခြင်းတို့ကို အထူးအဖွဲ့များဖြင့် ဆောင်ရွက်ပေးခဲ့သည်။ သို့သော် ကုမ္ပဏီ အချို့မှာ မူလနေရာသို့ ပြန်လည် သယ်ဆောင်ခြင်း မရှိဘဲ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုများ ရှိနေပြီး အချို့မှာလည်း မူဆယ်တွင် ဆက်လက်မွေးမြူထားရှိဆဲဖြစ်သည်။

### တရားဝင်ကုန်သွယ်မှုလုပ်ငန်းဖြစ်ပေါ်စေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများ

မြန်မာနိုင်ငံမှ ကျွဲနွား ကုန်သွယ်မှု အများဆုံး ဖြစ်သော တရုတ်နိုင်ငံသို့ တရားဝင် ကုန်သွယ်မှု လမ်းကြောင်း အမြန်ပြန်လည် စတင်နိုင်မှသာလျှင် တရားမဝင် ကျွဲနွားကုန်သွယ်မှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ပြီး မွေးမြူသူများနှင့် ကုန်သည်များအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ကျွဲနွားများကို ကုန်သွယ်မှု အတွက်သော်လည်းကောင်း၊ ပြည်တွင်းသားသတ်လုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရန်အတွက်လည်းကောင်း သယ်ဆောင်ရာ လမ်းကြောင်း တစ်လျှောက် ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (SOPs) ကို မွေးမြူရေးနှင့် ကုသရေးဦးစီးအနေဖြင့် ရေးဆွဲထုတ်ပြန်ထားရှိပြီး ဖြစ်သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေ စီမံအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် "မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲနွားများအတွက် ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေး လိုအပ်ချက်များ အစီအမံ" လက်မှတ်ရေးထိုးခဲ့သည်။

GACC သဘောတူစာချုပ်အရ ကျွဲနွားကူးစက်ရောဂါ ရှစ်မျိုးကို စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးခြင်း၊ လိုအပ်သော chemicals & reagents များ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ စာချုပ်ပါ လိုအပ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို GACC မှ လာရောက်စစ်ဆေးနိုင်ရေးအတွက် သံတမန်လမ်းကြောင်းမှ တစ်ဆင့် အကြောင်းကြားထားပြီး ဖြစ်သည်။ တရုတ်နိုင်ငံ GACC မှ လာရောက်စစ်ဆေးမှုများကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်၍ နှစ်နိုင်ငံ တရားဝင်ကုန်သွယ်မှုလုပ်ငန်း (bilateral legal trade) ကို အမြန်စတင်နိုင်မှသာလျှင် တရားမဝင် ကျွဲနွားကုန်သွယ်မှုများ လျော့နည်းပပျောက်သွားမည်ဖြစ်သည်။ တရားမဝင် ကုန်သွယ်မှု လျော့နည်းမှသာ မွေးမြူသူများနှင့် ကုန်သည်များအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်မည် ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ ကျွဲနွားကုန်သွယ်မှုလုပ်ငန်း တန်ဖိုးကွင်းဆက်တွင် ပါဝင်သည့် တိရစ္ဆာန်ရောဂါ ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ (AQS) ပတ်လည် အချင်း ၁၀ ကီလိုမီတာ အဝန်းအဝိုင်းကို ခွာနာ လျှာနာကင်းရှင်းဇုန်အဖြစ် လည်းကောင်း၊ အချင်း ၁၀၀ ကီလိုမီတာ အဝန်းအဝိုင်းကို ခွာနာလျှာနာ ထိန်းချုပ်ဇုန်အဖြစ် လည်းကောင်း၊ AQS မှ နယ်စပ် ကုန်သွယ်မှု ဂိတ်အထိ ၁၁၇ ကီလိုမီတာ ရှည်သော လမ်းကြောင်း၏ ဘေးဘယ်ညာနှင့် ရောဂါကင်းရှင်း ဇုန်အပြင်ဘက် (၃) ကီလိုမီတာကို ကာကွယ်ရေး ဧရိယာများ အဖြစ်လည်းကောင်း သတ်မှတ်ထားရှိပြီး ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲနွားများအား စစ်ဆေးပေးနေစဉ်။

### မွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များ

နိုင်ငံတော်အနေဖြင့် ပြည်ပသို့ ကျွဲနွားများတင်ပို့မှုကြောင့် ပြည်တွင်းထုတ်လုပ်မှု အရင်းအမြစ်များ မဆုံးရှုံးစေရန်အတွက် ကျွဲနွားမှတ်ပုံတင်ခြင်းစနစ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး "ကုန်သည်မှသည် မွေးမြူသူသို့" နှင့် "ကျွဲနွားကုန်သွယ်မှုသည် မြန်မာနိုင်ငံအတွက် ဖြစ်ရမည်" ဆိုသောဆောင်ပုဒ်များကို သတ်မှတ်ကာ မွေးဘက်ပေး စနစ်ကျင့်သုံးလာအောင် ပညာပေး စည်းရုံး ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကုန်သွယ်မှုတွင် တစ်နိုင်တစ်ပိုင် မွေးမြူထားသော အသက် (၅) နှစ် အထက် သင်းကွပ်ပြီး ခိုင်းကျွဲနွားအထီးများကိုသာ ဝယ်ယူစုဆောင်းတင်ပို့လျက်ရှိသဖြင့် အချိန်တိုအတွင်း ဈေးကွက်နှင့် ကိုက်ညီသော အသားစားနွားမျိုးများကို ပိုမိုမွေးမြူထုတ်လုပ်လာနိုင်ရန် အထူးလိုအပ်လျက်ရှိသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် အသားစားနွားမျိုး မျိုးရည်ခဲချောင်းများထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ နိုက်တြိုဂျင် အရည်အခမဲ့ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေး သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူသူများအနေဖြင့် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ မွေးမြူပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်ရန်အတွက် စာမျက်နှာ ၂၃ သို့

**"ကျွဲနွားများကို ကုန်သွယ်မှုအတွက်သော်လည်းကောင်း၊ ပြည်တွင်းသားသတ်လုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရန်အတွက်လည်းကောင်း သယ်ဆောင်ရာ လမ်းကြောင်း တစ်လျှောက် ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (SOPs) ကို မွေးမြူရေးနှင့် ကုသရေးဦးစီးအနေဖြင့် ရေးဆွဲထုတ်ပြန်ထားရှိပြီး ဖြစ်သည်"**

ဂျပန်နိုင်ငံ The Japan Times သတင်းစာ ၁၀- ၂- ၂၀၂၁ ရက်နေ့ထုတ်တွင် ပါရှိသည့် ဆောင်းပါးရှင် Brashna Chellaney ၏ “Don't isolate Myanmar” ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြပါသည်။

# မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှုများ ဆက်လက်ပြုလုပ်သင့်

## ကောင်းစစ်သည်

လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲများကို မြန်မာ့တပ်မတော်ကသာ အစဥ်အမြဲ ဖြစ်ပေါ်စေခဲ့ပါတယ်။ ယခုအခါမှာ အနောက်နိုင်ငံများရဲ့ မြန်မာနိုင်ငံအပေါ် အပြစ်ပေးဒဏ်ခတ်မှုများ ပြုလုပ်ရန်၊ တစ်နိုင်ငံတည်း အထီးကျန်စေရန်အတွက် အဆက်အဆံများ ဖြတ်တောက်ရန် အဆိုပြုချက်များကို ကျယ်လောင်စွာ ကြားရလျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံများအနေနဲ့ ဒီအဆိုပြုချက်များကို နားထောင်မိပါက အမှားကြီး မှားနိုင်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာလည်း အပြည့်အဝ ဒီမိုကရေစီ မရရှိသေးတဲ့ နိုင်ငံများသာ ဖြစ်ကြပါတယ်။ ဒီနိုင်ငံတွေကိုတော့ စီးပွားရေးအရ၊ နိုင်ငံရေးအရ ဘယ်လိုဖိအားပေးမှုမျိုးမှ မပြုလုပ်ဘဲ ပုံမှန်ဆက်ဆံရေး တည်ဆောက်ထားနိုင်ရဲ့သားနဲ့ မြန်မာနိုင်ငံကိုသာ ဖိအားပေးမှုများပြုလုပ်နေခြင်းဟာ အနောက်နိုင်ငံများရဲ့ မြန်မာနိုင်ငံအပေါ် တမင်သက်သက် ဖိနှိပ်လိုမှုကိုသာ ဖော်ပြရာရောက်ပါတယ်။ ဒီလိုလုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံရဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလအတွင်း နိုင်ငံစီးပွားရေးကဏ္ဍများအား တံခါးဖွင့်လှစ်ခဲ့မှု၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းဖွံ့ဖြိုးလာမှုနဲ့ ဒီမိုကရေစီနိုင်ငံများရဲ့ ပြန်လည်ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်လာခဲ့ခြင်း စတဲ့လုပ်ငန်းစဉ်များကို အရှိန်နှေးသွားစေခြင်းသာ ဖြစ်စေပါလိမ့်မယ်။ အတိတ်ကာလများက ပြုလုပ်ခဲ့တဲ့ စီးပွားရေးဒဏ်ခတ်မှုများဟာ တပ်မတော်ခေါင်းဆောင်များကို ထိခိုက်စေမှာမဟုတ်ဘဲ သာမန်ပြည်သူများကိုသာ ကြီးလေးစွာ ထိခိုက်စေခဲ့တာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။

စီးပွားရေး ပိတ်ဆို့မှုတွေ ပြုလုပ်တာဟာလည်း ထိရောက်မှုမရှိတဲ့ ခပ်တုံးတုံးလုပ်ရပ်များဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ထိုင်းနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်ဟာ ၂၀၁၄ ခုနှစ်ကတည်းက စစ်အာဏာသိမ်းပြီး အုပ်ချုပ်နေတာ ယခုထက်တိုင် အာဏာကို ချုပ်ကိုင်ထားဆဲပါပဲ။ အမေရိကန်နိုင်ငံအနေနဲ့ ထိုင်းနိုင်ငံနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို လက်တွဲလုပ်နိုင်တယ်ဆိုရင် ဘာလို့ မြန်မာနိုင်ငံနဲ့ရော မလုပ်နိုင်ရမှာပါလဲ။

### ဝိုင်းဝန်းကူညီပေးနိုင်

ဒီလိုပဲ အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နဲ့ အခြားနိုင်ငံအများအပြားဟာလည်း ကွန်မြူနစ်ပါတီတစ်ခုတည်းက အုပ်ချုပ်လျက်ရှိတဲ့ ဗီယက်နမ်နိုင်ငံနဲ့ လုံခြုံရေးဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီမိုကရေစီ အားပေးသူလို့ နာမည်ကျော်တဲ့ အမေရိကန်နိုင်ငံဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ဗီယက်နမ်နိုင်ငံနဲ့ လုံခြုံရေးမိတ်ဖက်ဖွဲ့စည်းမှုတစ်ခု တည်ဆောက်နိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာခဲ့ပါတယ်။ အလားတူပဲ မြန်မာ့တပ်မတော် ခေါင်းဆောင်များနဲ့ ဆက်ဆံရေး တည်ဆောက်ခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများဖြင့်သာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက်အရေးပါတဲ့ နိုင်ငံတစ်ခုမှာ ဒီမိုကရေစီ ဖြစ်စဉ်တစ်ခု ဖြစ်ပေါ်တိုးတက်လာမှုများကို နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဝိုင်းဝန်းကူညီပေးနိုင်မှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတစ်ခု ဖြစ်ပေါ်ခဲ့တယ်။ ဒါပေမယ့် အနောက်နိုင်ငံတွေရဲ့ အကြီးဆုံးအမှားက မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ် အဓိကလက်သည်ဖြစ်တဲ့ မြန်မာ့တပ်မတော်နဲ့ နီးကပ်တဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ခြင်း မပြုလုပ်ဘဲ လျစ်လျူရှုခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အမေရိကန်အပါအဝင် အနောက်နိုင်ငံအများစုရဲ့ အစဉ်တစိုက်ကျင့်သုံးခဲ့တဲ့ မူဝါဒဟာ မြန်မာ့ဒီမိုကရေစီဖြစ်စဉ်ကို ဒေါ်အောင်ဆန်းစုကြည်ကိုသာ ဗဟိုပြုပြီး ချဉ်းကပ်နေတာဖြစ်ပါတယ်။

### လွှမ်းမိုးနိုင်မှုနည်းပါး

အနောက်နိုင်ငံများရဲ့ ဒီလိုတစ်ဖက်သတ်ဆန်တဲ့ ချဉ်းကပ်မှုကြောင့်ပဲ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အာဏာထိန်းသိမ်းမှု ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ ယနေ့အခါမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာ့တပ်မတော်အပေါ် လွှမ်းမိုးနိုင်မှု မရှိသလောက် နည်းပါးသွားခဲ့တာကို တွေ့မြင်နိုင်ပါတယ်။

စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများဟာ ထိရောက်မှုမရှိခြင်း၊ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိတဲ့ အကျိုးဆက်များစွာ ဖြစ်ပေါ်စေတာကို ကောင်းစွာ သိရှိကြပေမယ့် စီးပွားရေးပိတ်ဆို့မှုများကို အသုံးပြုရန် အနောက်နိုင်ငံများဟာ သဘောကျနှစ်ခြိုက်နေဆဲပင်ဖြစ်ပြီး အလွန်အကျွံသုံးစွဲလျက်ရှိနေပါတယ်။ အနောက်နိုင်ငံများမှအပ အခြားဒီမိုကရေစီနိုင်ငံအများစုကတော့ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုနည်းလမ်းနဲ့ ချဉ်းကပ်တာကို ပိုပြီးသဘောကျပါတယ်။

ဥပမာအားဖြင့် ဂျပန်နိုင်ငံဟာ မြန်မာ့တပ်မတော်နဲ့ ပူးတွဲဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး အရည်အသွေးမြှင့်တင် တည်ဆောက်ခြင်းနဲ့ လေ့ကျင့်သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ အိန္ဒိယနိုင်ငံဟာလည်း မြန်မာတပ်မတော်နဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ စစ်လက်နက်ပစ္စည်း ထောက်ပံ့မှုများကို ပြုလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက် ပထမဆုံးရေငုပ်သင်္ဘောကိုလည်း အိန္ဒိယနိုင်ငံမှ ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိတွေ့ဆက်ဆံမှုမရှိဘဲ အရေးယူပိတ်ဆို့မှုသက်သက်ဖြင့်သာဆိုရင် ဘယ်တော့မှ ထိရောက်မှုရှိမှာ မဟုတ်ပါ။ ၁၉၈၈ မှ ၂၀၁၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံဟာ အရေးယူပိတ်ဆို့မှု သီးသန့်ပုံစံဖြင့်သာ ချဉ်းကပ်ခဲ့ပြီး သမ္မတအိုဘားမားကပင် အိန္ဒိယနိုင်ငံရဲ့ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုများကို ဝေဖန်ခဲ့ဖူးပါတယ်။ ဒါပေမယ့် သူဒီလိုဝေဖန်ပြီး လအနည်းငယ်အကြာမှာပဲ သမ္မတအိုဘားမားကိုယ်တိုင်ဟာ အိန္ဒိယနိုင်ငံရဲ့ ထိတွေ့ဆက်ဆံမှုဝါဒနဲ့ အလားသဏ္ဍာန်တူညီတဲ့ မူဝါဒမျိုးကို ချမှတ်ဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။ ဒီလို ချမှတ်ဆောင်ရွက်ခဲ့တာကြောင့်လည်း သူဟာ ၂၀၁၂ ခုနှစ်မှာ အမေရိကန်သမ္မတတစ်ဦးရဲ့ ပထမဆုံးသမိုင်းဝင် အလည်အပတ်ခရီးစဉ်ကို ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

### အရှိန်အဟုန်ပေါ်ပေါက်လာ

၁၉၈၈ နောက်ပိုင်းကတည်းက ပြုလုပ်လာခဲ့တဲ့ ပြည်သူလူထုကို ထိခိုက်စေတဲ့ စီးပွားရေးဒဏ်ခတ် အရေးယူမှုတွေကြောင့် တရုတ်နိုင်ငံကို မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာအောင် ဖန်တီးပေးခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာ တရုတ်အစိုးရရဲ့ အဓိကစီမံကိန်းကြီးတစ်ခုဖြစ်တဲ့ မြစ်ဆုံစီမံကိန်းကို ခေတ္တရပ်ဆိုင်းကြောင်း မြန်မာအစိုးရရဲ့ ကြေညာချက်ကြောင့် အားလုံးအံ့အားသင့်ခဲ့ကြရပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလမ်းကြောင်းမှာ သိသာထင်ရှားလှတဲ့ သမိုင်းဝင် အဖြစ်အပျက်တစ်ခုလို့ ဆိုနိုင်ပါတယ်။ ထိုလုပ်ရပ်က မြန်မာ့နိုင်ငံခြားရေးမူဝါဒဟာ တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကိုလျှော့ချပြီး အရှေ့အနောက် မျှတမှုရှိအောင် ချိန်ညှိဖို့ ကြိုးစားလျက်ရှိတယ်ဆိုတာကို ဖော်ပြရာရောက်သလို ပြည်တွင်းပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်နဲ့ ဆက်လက်ပေါ်ပေါက်လာစေခဲ့ပါတယ်။

မြန်မာနိုင်ငံအပေါ် အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံများရဲ့ စီးပွားရေးအရ အရေးယူပိတ်ဆို့ မှုများနဲ့ ထိတွေ့ဆက်ဆံမှု မပြုလုပ်ခြင်းတို့ထက်ပိုပြီး ဘယ်အရာကမှ တရုတ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမယ့်အရာ ရှိမှာမဟုတ်တော့ပါဘူး။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်တစ်ခုဖြစ်သလို အရေးကြီးတဲ့ သဘာဝသယံဇာတ အများအပြားရယူနိုင်တဲ့ အရင်းအမြစ်တစ်ခုလည်း ဖြစ်နေပါတယ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ တရုတ်နိုင်ငံနဲ့တောင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းမယ့် ကိစ္စရပ်များမှာ အတူပူးတွဲဆောင်ရွက်ဖို့ အဆင်သင့်ရှိနေသေးရင် တပ်မတော် တစ်ခုတည်းကသာ အားကောင်းတဲ့ အင်စတီကျူးရှင်းအဖြစ် ခိုင်မာစွာရပ်တည်နေတဲ့ မြန်မာနိုင်ငံကိုလည်း အလားတူ ချဉ်းကပ်မှုမျိုးနဲ့ ထိတွေ့ဆက်ဆံသင့်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လမ်းကြောင်းမှာ အမေရိကန်အနေနဲ့ အမှန်တကယ် ကူညီအားပေးလိုတယ်ဆိုရင် ခေတ်အဆက်ဆက် ကျင့်သုံးခဲ့တဲ့ နိုင်ငံခြားရေးမူဝါဒ အားနည်းချက်တစ်ခုကို သမ္မတ ဘိုင်ဒင်အနေနဲ့ ပြင်ဆင်ဖို့လိုအပ်ပါတယ်။ ဒီအားနည်းချက်ကတော့ မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးမှာ အဓိကတွန်းအားဖြစ်တဲ့ မြန်မာ့တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်မှု ကင်းမဲ့ပြီး အသိအမှတ် မပြုခြင်းပဲ ဖြစ်ပါတယ်။ ။

**✻ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လမ်းကြောင်းမှာ အမေရိကန်အနေနဲ့ အမှန်တကယ် ကူညီအားပေးလိုတယ်ဆိုရင် ခေတ်အဆက်ဆက် ကျင့်သုံးခဲ့တဲ့ နိုင်ငံခြားရေး မူဝါဒ အားနည်းချက်တစ်ခုကို သမ္မတ ဘိုင်ဒင်အနေနဲ့ပြင်ဆင်ဖို့လိုအပ်ပါတယ်။ ဒီအားနည်းချက်ကတော့ မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးမှာ အဓိကတွန်းအားဖြစ်တဲ့ မြန်မာ့တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်မှုကင်းမဲ့ပြီး အသိအမှတ်မပြုခြင်းပဲ ဖြစ်ပါတယ်။**

---

စာမျက်နှာ ၂၂ မှ

ဦးစီးဌာနနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ထို့အပြင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ရင်းနှီးမြှုပ်နှံရန်အတွက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် ကျွဲနွားကုန်သွယ်မှုလုပ်ငန်းတန်ဖိုးကွင်းဆက်တွင် ပါဝင်သည့် တိရစ္ဆာန် ရောဂါ ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်းများ (AQS)၊ စုဆောင်းခြံများ (Fattening Farm)၊ အစာထုတ်လုပ်ရေး၊ သားသတ်ရုံ၊ အအေးခန်းများ၊ ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ တည်ထောင်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား စိတ်ဝင်စားမှု အဆိုပြုလွှာများ (Expression of Interest) ခေါ်ယူသွားမည် ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံနှင့်သာ လက်ရှိအခြေအနေ၌ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအား ကောင်းမွန်စေရန် အခြားသော ကုန်သွယ်ဖက် နိုင်ငံများနှင့် သဘောတူ စာချုပ်များချုပ်ဆိုနိုင်ရန်အတွက် မွေးမြူသူ၊ ကုန်သည်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကူညီပူးပေါင်း ပါဝင်ခြင်းဖြင့် မွေးမြူရေးကဏ္ဍ တစ်ခေတ် ဆန်းသစ်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။



## နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေးတို့ကို ဆွေးနွေးပေးစေလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ထားရှိရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရာတွင် ဆရာ၊ ဆရာမများက အဓိကကျကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အဆင့်ဆင့် စစ်ဆေးဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များအား ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ငမိုးရိပ်ရေထိန်းတံခါးနှင့် လဂွန်းပြင်ရေသန့်စင်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၂၁ ရက်က ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးနှင့် ဒဂုံမြို့သစ် တောင်ပိုင်းရှိ လဂွန်းပြင် ရေသန့်စင် စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ငမိုးရိပ် ရေထိန်းတံခါးသို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ငမိုးရိပ်ရေထိန်းတံခါး ဆောင်ရွက်နိုင်ခဲ့သဖြင့် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းအတွင်းသို့ ဝင်ရောက်စီးဆင်းလာသော ချောင်းလက်တက်များမှ ရေများကို သိုလှောင်ထားရှိပြီး ရေစုပ်စက်များ အသုံးပြု၍ နွေစပါး ဧက ၁၀၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မှု၊ နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်နှင့်နုန်းများ ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မှုအခြေအနေနှင့်ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒဂုံမြို့သစ် တောင်ပိုင်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ လဂွန်းပြင် ရေသန့်စင်စက်ရုံသို့ ရောက်ရှိရာ စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမတွင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးမြင့်ဇော်သန်းနှင့် တာဝန်ရှိသူများက ငမိုးရိပ် ရေလှောင်တမံအနီးမှ လဂွန်းပြင် ရေသန့်စင်စက်ရုံသို့ ရေပေးပို့မှု၊ ရေပေးဝေရေး ဇုန် ၈ မှ ရေတွန်းစက်ဖြင့် ပြေလကုန်တွင် မောင်းနှင်ပြီး ရေပေးဝေနိုင်အောင် ပိုက်ဆက်ခြင်း၊ ရေ၏ဖိအားဒဏ်ကို အဆိုပါပိုက်များ ခိုင်ခံ့မှုနှင့် ခံနိုင်ရည် စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုများနှင့် ဒဂုံမြို့သစ်တောင်ပိုင်း၊ သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်းမြို့နယ်များရှိ ပြည်သူများထံသို့ သောက်သုံးရေ စမ်းသပ်ပေးဝေနေမှုများ၊ ဆက်လက်၍ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ်များသို့ ရေပေးဝေရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မေ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၅၅၃၅၃ ဦး၊ အတွင်းလူနာ ၄၂၀ ကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၇၂၈၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၃၇၅၃ ဦး စုစုပေါင်း ၁၁၁၃၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကို ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၈၂၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ



၅၉၂၃ ဦးကို သာမန်မွေးဖွားပေး နိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၇၄၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်ဖြူခရိုင်၌ လျှပ်စစ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကျောက်ဖြူ မေ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်ရန်အတွက် ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များ၌ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား အချိန်မီဖြန့်ဖြူးပေးနိုင်ရန် လျှပ်စစ်တည်ဆောက်ရေး လုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများက လုပ်ငန်းများ သတ်မှတ်ချိန် ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုးက မေ့လ ဒုတိယပတ်က ပြောသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်နေရာများသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဇေယျာမင်းနှင့် မြို့နယ်များမှ တာဝန်ခံများက တာဝန်ရှိသူများနှင့် လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသော တာဝန်ရှိသူများထံ လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရန်နှင့် သတ်မှတ်အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။ ရမ်းဗြဲမြို့နယ်တွင် လေးတောင်မြို့သစ် ရပ်ကွက်(၅)ခု ကျေးရွာ ၁၄ ရွာကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူကာ လျှပ်စစ်လုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန် မြန်ဆန်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# မြိတ်မြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ကလောမြို့နယ်များအတွင်း မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သယ်ဆောင်လာသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်-လွတ်လွတ်တံတား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် ဧပြီ ၂၁ ရက် ညနေ ၆ နာရီခန့်တွင် ထားဝယ်မြို့ဘက်မှ မြိတ်မြို့ဘက်သို့ စိုင်းဆိုင်ခေလ် (ဘ) ဦးလွန်းစန္ဒာ မောင်းနှင်၍ အောင်ဇော်ဦး (ဘ) ဦးအောင်မြတ်၊ ထွန်းလင်း (ဘ) ဦးရှောင်ကြည်၊ ရန်ပိုင်ဖြိုး (ဘ) ဦးကျော်ဝင်းနှင့် ခွန်ဘဖြူ (ဘ) ဦးမောင်တို့ လိုက်ပါလာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်အမှတ်၊ MDY 6M/----အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ရှိ အရန်ဘီးအတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ပြား (ခန့်မှန်းတန်ဖိုးငွေ ကျပ်သိန်း ၆၀၀၀ ကျော်) နှင့် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာ- တောင်ကြီး အတက်လမ်း ထုံးဘိုစစ်ဆေးရေးဂိတ်၌ ဧပြီ ၂၁ ရက်ည ၁၁ နာရီခွဲခန့်တွင်အေးသာယာမြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ ရဲသီဟဦး (ဘ) ဦးအေးကျော် မောင်းနှင်ပြီး နိုင်ရန်လင်း (ဘ) ဦးတင်ဆန်း စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အမှတ်၊ SHN 7H/-- FOTON အမျိုးအစား မော်တော်ယာဉ်ပေါ်၌ တရားမဝင် တင်ဆောင်လာသည့် Sulphuric Acid (၁၆၀) လီတာခန့်စီပါ ပီပါ ၁၀၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၂၈၀) နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၁၁ နာရီခန့်တွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက် စစ်ဆေးရေးဂိတ်၌ ကလောဘက်မှ သာစည်ဘက်သို့ ကျော်တင်ထူး (ဘ) ဦးကျော်ညွန့် မောင်းနှင်ပြီး စိုးသူရိန် (ဘ) ဦးသန်းဦး စီးနင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၃၀) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ယာဉ်များ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာရဲစခန်းများသို့ စနစ် တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



Mr.Alfred Soe Chan Kyi (ခ) ဇဏ်ခီ



ခင်ဝတ်မှုန်ဦး (ခ) ခရစ္စတီးနားခီ

## သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဧပြီ ၂၂**

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် မင်္ဂလာဒုံလေဆိပ်၌ MAI လေကြောင်း ခရီးစဉ်အမှတ် 8M-335 ဖြင့် ရန်ကုန်လေဆိပ်မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ လိုက်ပါမည့် မြန်မာပြည်ဖွားအမေရိကန်နိုင်ငံသား ခံယူထားသည့် Mr.Alfred Soe Chan Kyi(ခ) ဇဏ်ခီ၊ ဇနီးဖြစ်သူ ခင်ဝတ်မှုန်ဦး (ခ) ခရစ္စတီးနားခီ၊ သားဖြစ်သူ Mr.Noah Lynn Htet Kyi နှင့် မလဗျဂျာဆိုင်းနန် (အိမ်အကူ) တို့ လေးဦးအား စိစစ်နိုင်ရန်အတွက် ၎င်းတို့လိုက်ပါမည့် ခရီးစဉ်အား ခေတ္တတားမြစ်ထားရှိခဲ့ပါသည်။

၎င်းတို့နှင့် ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်နိုင်ရန်အတွက် ဧပြီလ ၁၇ ရက်နေ့တွင် ၎င်းမိသားစုနေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၆) ရပ်ကွက် ဟံသာဝတီ (၂၂) လမ်း၊ အမှတ် (၁၂၆၆) 3A ကွန်ဒိုတွင်ပင် ပြန်လည်နေထိုင်စေလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ထားသည့် သစ်သားတံတားအား မီးရှို့ဖျက်ဆီးခဲ့သည့် အမျိုးသားတစ်ဦးအား ဥပဒေနှင့်အညီအရေးယူ

**နေပြည်တော် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ယူဆောက်လုပ်ထားသည့် တံတားအား ဧပြီ ၂၁ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သည့် အမျိုးသား တစ်ဦးအား ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက် ချောင်းဦး-အမြင့်လမ်းပေါ်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ထားသည့် အလျား ၁၆ ပေ ရှိ သစ်သားတံတား မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ တံတားအား ကင်မွန်တော်ကျေးရွာနေ ဇော်မြင့် (၅၄) နှစ် (ဘ) ဦးအောင်ကြည်က မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် တံတား၏ ဘီးလမ်းနှင့် အောက်ခြေ သစ်သားပေါင်များ မီးလောင် ပျက်စီးဆုံးရှုံးခဲ့သည်။

အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော သစ်သားတံတားအား မီးရှို့ဖျက်ဆီးခဲ့သူ ဇော်မြင့်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တရားခံ ဇော်မြင့်



# ဆူပူဆန္ဒပြသူများ ပြုလုပ်ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းရှင်းလင်း

**နေပြည်တော် ဧပြီ ၂၂**

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ဆူပူဆန္ဒပြသူများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရှားတောကျေးရွာ အတွင်းရှိ လမ်းများပေါ်၌ သဲအိတ်များ၊ ကွန်ကရစ်တုံးများ၊ အတားအဆီးများ၊ သစ်ချောင်းများဖြင့် ပိတ်ဆို့ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အတားအဆီးများအား ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ (ဓာတ်ပုံ)



ထိုသို့ ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများကလည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် လာရောက်ပူးပေါင်းပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၂

**လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုလာမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူနှင့် လက်ဝယ်ထားရှိသူများအား ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာမှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။**



မြောက်ဥက္ကလာပမြို့နယ်၌ ရဲလင်းထွဋ်အား ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ၂၀၂၂ ခုနှစ် မေ ၂၁ ရက် နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာနေ ရှမ်းလေး (ခ) ကျော်သူ (ခ) ကျော်သူအောင်(၂၈)နှစ် (ဘ) ဦးအောင်ငွေ၏ နေအိမ်အား သတင်းအရ သွားရောက်ရှာဖွေရာ ရှမ်းလေး(ခ)ကျော်သူ(ခ) ကျော်သူအောင်အား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ ပြုလုပ်ဆဲ လက်လုပ်သေနတ်ကိုယ်ထည် သုံးခု၊ ဓားရှည် နှစ်ချောင်း၊ ဓားမြှောင် လေးချောင်း၊ ဓားမ တစ်လက်၊ လေးခွ သုံးလက်၊ ကုံးသီးအလုံး ၃၀၊ ဖန်ဂေါ်လီ အလုံး ၂၀၊ ပိုက်ဖြတ်လွှ တစ်ချောင်း၊ ကော်ပိုက် ၁၀ ချောင်း၊ ဆောက် နှစ်လက်၊ ဂက်စ်ဘူး နှစ်ဘူးနှင့် အခြား ဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

## တွေ့ရှိသိမ်းဆည်း

အလားတူ မွန်းလွဲ ၁ နာရီတွင် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဆယ်စုကျေးရွာအနီးအရောက်၌ ဆယ်စုကျေးရွာဘက်မှ နေပြည်တော်ဘက်သို့ ရွာမကျေးရွာနေ သန်းတိုးအောင်(ခ) သူရဲ(၂၂)နှစ် (ဘ) ဦးအောင်မြင့် မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်လင်းအောင်(၁၉)နှစ် (ဘ) ဦးအောင်ကျော်ငြိမ်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ကျော်လင်းအောင် ကိုင်ဆောင်လာသော ဂျပ်ဖာအတွင်းမှ လက်လုပ်လေသေနတ်တစ်လက်နှင့် သန်းတိုးအောင်(ခ)သူရဲ လွယ်ထားသော လွယ်အိတ်အတွင်းမှ သံဘောစေ့ အလုံး ၅၀ တို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးအဖွဲ့က သန်းတိုးအောင် (ခ) သူရဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ လက်လုပ်သေနတ် ပြုလုပ်ရာတွင် အသုံးပြုသော စတီးပိုက် သုံးချောင်း၊ လက်လုပ်သစ်သားဒင် တစ်ခု၊ နေအိမ်ဗီရိုအတွင်းမှ လေသေနတ် စပရိန် နှစ်ချောင်း၊ လုပ်သေနတ် ခလုတ်တစ်ခု၊ ဖောက်စက် ၁ ခု၊ ကျောက်စက် ၁ ခုနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

## ဆန့်ကျင်ပိုစတာများ သိမ်းဆည်း

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် တိုက်အမှတ်(၈၃)၊ ၇ လွှာ လေ့ကားထိပ် ထပ်ခိုးပေါ်၌ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါနေရာမှ ပိုတက်စီယမ်နိုက်ထရိတ် ၁၀ ပေါင်ခန့်၊ ကန့် ၅ ပေါင်ခန့်၊ ယမ်းမှုန့် ၂၅ကျပ်သားခန့်၊ အရှည် ၁၄ လက်မခန့်ရှိ ယမ်းကြိုး ၅၀ ချောင်း၊ အက်စစ်ထည့်ထားသည့် ပုလင်းသေး ငါးလုံး၊ စီလီကွန်ဂန်း တစ်ခု၊ ယမ်းစစ်ဇကာ တစ်ခု၊ ယမ်းထောင်း ကျည်ပွေ့ တစ်စုံ၊ လေမှုတ်စက် တစ်ခု၊ တစ်ဖက်ချွန် သံချောင်း နှစ်ချောင်း၊ ကတ်ကြေး တစ်ခု၊ ဆန့်ကျင်စာသားများ ရေးသားထားသော ပိုစတာများအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် ဆင်ဖြူဈေးဘက်မှ မူဆယ်ဘက်သို့ ကောင်းမှုတုံရပ်ကွက်နေ နောင်လတ်(၂၃)နှစ်(ဘ) ဦးဘရန်ဂျာ မောင်းနှင်ပြီး ဟိုမွန်ရပ်ကွက်နေ လျှန်းဆိုင်(၂၆)နှစ် (ဘ)ဦးချစ်ဖွယ် လိုက်ပါလာသော 9I–7242 Wish ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ဂက်စ်ထည့်၍ ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်အား တွေ့ရှိခဲ့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် လေ့ခုတ်ကျေးရွာနေ အောင်လှ(၅၄)နှစ် (ဘ) ဦးချစ်တင်၏ နေအိမ်တွင် ဂျင်ကလိပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဂျင်ကလိ ၁၀ ချောင်း၊ မီးခြစ်ဆံမြောက် အချောင်း ၂၀၀၀၀ တို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ပျဉ်းမနားမြို့နယ်၌ ထူးကိုကို (ခ) ဘိုးထူအား လေသေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကြက်လျှာကျေးရွာနေ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော မြို့နယ် NLD ဥက္ကဋ္ဌဟောင်းဖြစ်သူ ကျော်ဝင်းအား ၎င်း၏နေအိမ်တွင် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ကျော်ဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်း၏နေအိမ်မှ PSI စက်တစ်လုံးအား သိမ်းဆည်းရမိခဲ့ပြီး ကျော်ဝင်း အိမ်အနီးရှိ ကြက်ခြံအား ဝင်ရောက်ရှာဖွေစဉ် ကြက်ခြံပိုင်ရှင် ကျော်အောင်(၃၇)နှစ် (ဘ)ဦးထွန်းမြင့်အား လက်လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ည ၉ နာရီ ၃၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ စိုးမြတ်မင်း(စိစစ်ဆဲ)၏ နေအိမ်တွင် ဆန္ဒပြရာတွင် အသုံးပြုသောပစ္စည်းများ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ စိုးမြတ်မင်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဦးထုပ် ၁၄ လုံး၊ ဓာတ်ငွေ့ကာ ခြောက်ခု၊ ဖန်ဂေါ်လီ ၁၀ လုံး၊ ကုံးသီး ၁၀ လုံး၊ လေးခွ နှစ်လက်၊ ဓားရှည် နှစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ၎င်း၏ အိမ်ဘေးကပ်လျက်ရှိ စိုးမြတ်မင်း၏ တူတော်စပ်သူ ထူးကိုကို(ခ) ဘိုးထူ (၂၈)နှစ် (ဘ)ဦးတင်ထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ထူးကိုကို(ခ)ဘိုးထူအား တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ လေသေနတ် တစ်လက်၊ လေးခွ နှစ်လက်၊ ကုံးသီး ၁၉ လုံးနှင့် သံဘောစေ့ ၉ လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

## ကျည်ကာအင်္ကျီများ သိမ်းဆည်းရမိ

အလားတူ မေ ၂၂ ရက် နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/ မြောက်ရပ်ကွက်၊ ရတနာပုံ (၄)လမ်း၊ တိုက်အမှတ် (၆၁၀)၊ ၆ လွှာသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ မင်းသိန်းကျော် (၁၈) နှစ် (ဘ) ဦးဇော်မင်းထွန်းပါ အမျိုးသား ခုနစ်ဦးနှင့်အတူ ကျည်ကာအင်္ကျီ ငါးထည်၊ ရှူးဖိနပ် ရှစ်ရံ၊ နှာခေါင်းစွပ် ခုနစ်ခု၊ လက်လုပ်မိုင်း ငါးလုံး၊ မြောက်လိပ် ၁၁ ခုပါ လေးထုပ်၊ သံစက္ကူ ၅၀ ခု၊ သံဘောစေ့ နှစ်ထုပ်၊ ယမ်းကြိုး ၁၀ ချောင်း၊ ကန့်ထုပ် တစ်ထုပ်၊ အောက်ဆီဂျင်ဘူး သုံးဘူးတို့အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လ (၁)လမ်းထိပ်ရှိ ဝိဇရဓမ္မာရုံအတွင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဓမ္မာရုံဘေး ကန်အတွင်းမှ ဒိုင်းမျိုးစုံ ၁၉ ခု၊ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော သေနတ်ကိုယ်ထည် တစ်ခု၊ ဖိုက်ဘာဦးထုပ် ၉၂ လုံး၊ ကျည်ကာအင်္ကျီ ၆၅ ထည်၊ ဓာတ်ငွေ့ကာ ၂၁ ခု၊ မီးခိုးကာမျက်မှန် ခုနစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိပြီး ဓမ္မာရုံအတွင်း ဆက်လက်ရှာဖွေရာ ရဲလင်းထွဋ်(၄၅)နှစ် (ဘ) ဦးကြည်မြင့်အား အနက်ရောင် စစ်သုံးအဝေးကြည့်မှန်ပြောင်း တစ်လက်၊ Icom တစ်လုံး၊ ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## လက်လုပ်သေနတ် ၁၀ လက် ဖမ်းဆီးရမိ

အလားတူ စမ်းချောင်းမြို့နယ် လင်းလွန်း (တောင်)ရပ်ကွက် ကြည့်မြင်တိုင်ဘူတာမှ သံလမ်းအမှတ်(၁၀) နှင့် (၁၁)ကြား၌ ဒေသန္တရလက်လုပ်ဗုံး တစ်လုံးတို့အားလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာရှိ တိုက်အမှတ်(၄) အခန်း(၁)၌ ပြည့်ဖြိုးကျော် (ဘ) ဦးမြင့်ကျော်၊ စိုးညီညီ(ဘ)ဦးလှဌေး၊ စကားဝါကို(ဘ)ဦးကိုလေးနှင့် နွယ်နီလင်း (ဘ) ဦးသိန်းချိုတို့ လေးဦးအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများ၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်ရှိ ငွေဇင်ယော်ဆီနှင့် ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်ရှိ ပစ္စည်းများအား မီးရှို့ဖျက်ဆီးရာတွင် ပါဝင်ခဲ့သည့် ဇော်ပိုင်ဦး(ခ)အရှည်ကြီး (ဘ) ဦးဇော်မင်းထွန်းအားလည်းကောင်း၊ ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ကမ်းနားလမ်းဘေးရေမြောင်းအတွင်းမှ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်သေနတ် ၁၀ လက်၊ လက်လုပ်မိုင်း တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ တောင်ငူမြို့ ရွှေဆံတော်ဘုရား အရှေ့ဘက်မုခ်အနီး၌ ဆူပူအကြမ်းဖက်သူ မိုးခန့်ဇော် (ခ) ကိုဖြိုး (ဘ) ဦးညွန့်ဝင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်–

(က) **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀–၄–၂၀၂၁** ရက်နေ့မှ စတင်၍ **၄–၆–၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်–

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇–၆–၂၀၂၁** မှ **၂၈–၆–၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/–** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/–** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/–** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်–

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။


(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အရိုက်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

---

## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

**မြန်မာ့အလင်း**
mmalygn544@gmail.com
(+95)9420 114 005

**ကြေးမုံ**
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount အမြန်ဆုံး ရယူလိုက်ပါ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9F/8321 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2917 Toyota Hilux Vigo ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းနော်ကျောက် ၁၃/ကတန(နိုင်)၀၅၆၆၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ် (၁၀၉)၊ ရွှေဘိုတပ် အကွက်၊ ဦးပိုင်အမှတ် (၆၈/က)၊ မြေဧရိယာ ၀ဒသမ၀၆၄ ကေရှိ မြို့မြေ (B)သည် ဒေါ်မျိုးမျိုးမြတ် အမည်ဖြင့် အမည်ပေါက် ထွက်ရှိနေရာမှ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေ၀ါလမ်း၊ အိမ်အမှတ်(၁၅)နေ ဦးဇော်ထက်အောင်နှင့် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၄/ဂ) နေ ဦးထွန်းဝင်းနိုင်တို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ် (၈၃/ဃ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၁၈/ခ)၊ မြေဧရိယာ ၀ဒသမ ၀၅၀ ကေရှိ မြို့မြေ (B)သည် ဦးလှမြင့် အမည်ဖြင့် အမည်ပေါက် ထွက်ရှိနေရာမှ ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်၊ ရွှေ၀ါလမ်း၊ အိမ်အမှတ်(၁၅)နေ ဦးမြတ်သူရ၊ ဦးဇော်ထက်အောင်တို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၁၈၅-ဂ)၊ ကွင်းယားအနောက်၊ ဦးပိုင်အမှတ် (၅၁၊ ၅၂၊ ၅၃၊ ၅၄)၊ ဧရိယာ ၀ဒသမ ၂၇၇ ကေရှိမြေကို (ဘ)ဦးမြတင်၏သား ဦးသိန်းဦး ၁၄/ပသရ(နိုင်)၀၇၄၂၆၅ အမည်ဖြင့် စားသောက်ဆိုင်အဖြစ် အသုံးပြုရန် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဦး(ခ)စောဦး(ခ)စောရှုရောက် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဇ္ဈူလမ်းသွယ်(၂)၊ အမှတ်(၂၀/ဈ)နေ (ဦးစောလစ်ကွန်း-ဒေါ်ဟုန်ငှါ)တို့၏သမီး၊ (ဦးရှမ်းမ-ဒေါ်ကျန့်)တို့၏သမီးချွေးမ၊ [စီကစ်ရှောင်(ခ)ဦးဖေမြင့်]၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ခိုင်-ဒေါ်ကျင်ကျင်စိန်၊ ဦးမြင့်လှိုင် (ဥက္ကဋ္ဌ၊ တိပိဋကစုဆန်းလီစာသင်တိုက်)-ဒေါ်တင်မာဌေး၊ ဒေါ်မြင့်မြင့်၊ ဒေါ်ကျင်ဌေး-ဦးကျော်လှိုင်၊ ဒေါ်မြင့်မြင့်ကြည်-ဦးသန်းလှိုင်၊ ဦးထွန်းအောင်ကျော်-ဒေါ်ပေါင်ပေါင်း၊ ဦးအောင်မြတ်-ဒေါ်ခင်လပြည့်ဝန်း၊ ဒေါ်ဌေးဌေးအောင်-ဦးရဲလင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်အေး မြင့်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၄:၅၀နာရီတွင် ပါရမီရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၁ရက် (စနေနေ့)တွင် ရေဝေးဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့် အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး အမှတ်(95-A)နေ (ဦးကျော်ကျော်-ဒေါ်ကျင်ညို)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးကံအေး-ဒေါ်စော)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လက်ခုပ်ပင်(၂)လမ်း၊ (၁)ရပ်ကွက်၊ အမှတ် (၁၂)နေ (ဦးမြတ်ကျော်)၏ဇနီး၊ ဦးတင်ဖေ-ဒေါ်ရီရီမြင့်၊ (ဦးမြင့်ဆွေ)-ဒေါ်တင်တင်သိန်း၊ ဦးသက်နိုင်၊ ဦးရဲနိုင်-ဒေါ်ဥမ္မာသွယ်၊ ဦးရဲလွင်-ဒေါ်စန္ဒာဝင်း၊ ဦးတင်ဦး-ဒေါ်ဥမ္မာကျော်၊ ဦးကျော်ဦး-ဒေါ်အိအိကျော်တို့၏ အစ်မကြီး၊ ဦးအေးမင်း-ဒေါ်နန်းအိန္ဒြာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်မြတ်သုထက်၏ ချစ်လှစွာသော ဘွားဘွားကြီး၊ တူ၊ တူမ ၁၁ ယောက်တို့၏ ကြီးဒေါ်၊ မြေး (၄)ယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၂၁ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေဧရိယာ(၀ဒသမ၁၀၆၄)ကေရှိ မြေကွက်အား ဦးဖော်ရွှယ်တူး အမည်ဖြင့် အမှုတွဲအမှတ်-၄၂၅(၃)/(၁၉၉၀-၂၀၀၀)အရ (၁၁-၅-၂၀၁၄)ရက်ထိ(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးဖော်ရွှယ်တူးသည် (၂-၁-၂၀၀၉)ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ဂျန်မာဒွဲမှာလည်း (၁၀-၇-၂၀၁၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်၍ ၎င်းတို့၏ အမွေစား အမွေခံသား/ သမီးများဖြစ်ကြသည့် (၁)ဦးမွန်ဖောင်လ၊ (၂) ဒေါ်ဂျာလုံ၊ (၃) ဒေါ်ရွှယ်ဒွဲတို့မှ အမွေဆက်ခံကာ ပိုင်ဆိုင်ခဲ့ကြပါသည်။ ဦးမွန်ဖောင်လမှ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေဧရိယာ(၀ဒသမ၁၀၆၄)ကေအနက်မှ ဦးပိုင်အမှတ်(၁၀၆/က)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေ ကွက်အပိုင်းအား မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ (၄-၇-၂၀၁၉)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၆၂/၂၀၁၉)အရ အပြီးအပိုင် စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါလက်ခံရရှိသူ ဒေါ်ဂျာလုံ ၁၄/အမန(နိုင်)၀၀၂၄၀၆၊ ဒေါ်ရွှယ်ဒွဲ ၁၄/ကကန(နိုင်)၀၆၄၄၅၂ တို့(၂)ဦးအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(အေ-၃)၊ အခန်းအမှတ်(၃၂၀)၊ Type (C)၊ Area(၆၂၂) Sqft ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ကြည် ၁၂/ဒဂန(နိုင်)၀၀၅၁၃၅၊ ဒေါ်အေးအေးရီ ၁၂/လမတ(နိုင်)၀၁၂၂၃၅ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေပြီး ဖြစ်ပါသည်။ ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဝေ**
**၁၂/ဗဟန(နိုင်)၀၀၅၅၆၄**
**ဖုန်း-၀၉-၇၉၉၇၈၇၉၉၈**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၆၀/မမ/CE | 3/4" Ø x 7" Long Check Bolt & Nut (10,000)Nos (Foreign)<br>3/4" Ø x 8" Long Check Bolt & Nut (10,000)Nos (Foreign)<br>3/4" Ø x 10" Long Check Bolt & Nut (5,000)Nos (Foreign)<br>75/75 Lb Check Block (5,000) Nos (Myanmar) ဝယ်ယူရန် |
| ၂ | ၁၆၁/မမ/CE | M.S Rod 6.5mm Ø (Foreign) ( 1 Ton)<br>M.S Rod 12mm Ø (Foreign) ( 8 Ton)<br>M.S Angle 2 ½" x 2 ½" x ⅜" thick (11770) Rft(Foreign) ဝယ်ယူရန် |
| ၃ | ၁၆၂/မမ/CE | ပခုက္ကူကွန်ကရစ်ဇလီဖားစက်ရုံတွင် ၉°-၁၂° ကွေ့ Check Rail ကွန်ကရစ်ဇလီဖား (၃၇၄၄)တုံး ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၄ | ၁၆၃/မမ/CE | သီပေါ ကွန်ကရစ်ဇလီဖားစက်ရုံတွင် ၁၃°-၁၇° ကွေ့ Check Rail ကွန်ကရစ်ဇလီဖား (၆၇၀၈)တုံး ထုတ်လုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် ရက်/အချိန် - ၂၁-၅-၂၀၂၁ ရက် (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၄-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၈၅၊ ၂၉၁၉၉၄**

## ဝမ်းနည်းကြေကွဲခြင်း ဦးတင် အသက် (၇၈)နှစ်

ဒေါက်တာ အောင်ဝင်း(ညွှန်ကြားရေးမှူး၊ ကုသမှုအထောက်အကူပြုဌာန)၏ ဖခင် ဦးတင်သည် ၂၁-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး(ခုတင် -၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးထူးနိုင်

**ဗဟိုအလုပ်အမှုဆောင် (EC-015)၊ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားဟောင်းနှင့် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ဒိုင်လူကြီး**

**အသက် (၆၇)နှစ်**

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားဟောင်းနှင့် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ဒိုင်လူကြီးဖြစ်သူ ဦးထူးနိုင်သည် ၂၀-၄-၂၀၂၁ရက် (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

## ဦးခင်မောင်ထွန်း(ဦးစီးအရာရှိ) အလုံမြို့နယ်ဦးစီးမှူးရုံး အသက် (၅၇)နှစ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ၊ အလုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်း (လဝက-၄၄၈၉) (ဦးစီးအရာရှိ)သည် ၂၂-၄-၂၀၂၁ရက် နံနက် ၁၀:၄၅ နာရီတွင် အမှတ် (၂၆)၊ အာသာဝတီလမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ နာတာရှည် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးခင်မောင်ထွန်း(ဦးစီးအရာရှိ) အလုံမြို့နယ်ဦးစီးမှူးရုံး အသက် (၅၇)နှစ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ၊ အလုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်း (လဝက-၄၄၈၉) (ဦးစီးအရာရှိ)သည် ၂၂-၄-၂၀၂၁ရက် နံနက် ၁၀:၄၅ နာရီတွင် အမှတ် (၂၆)၊ အာသာဝတီလမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ နာတာရှည် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းမိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကျေးရွာသစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ကေ၊ မြေကွက်အမှတ်(ပ-၂၃၁)၊ ဦးတင်ကို (ဘ)ဦးကြာဆန်း PMA-၁၇၅၃၃၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဇင်လင်းဖွေး(ဘ)ဦးလင်းနိုင်ဦး ၁၁/မပတ(နိုင်)၀၄၂၇၅၄မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်း ကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ဝေါမြို့နယ်တရားရုံး ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၆

| | | | |
|---|---|---|---|
| ဒေါ်ကြွယ် | နှင့် | ၁။ ဒေါ်ခင်ကြည် | |
| | | ၂။ ဒေါ်မြတင် | ၉။ ဒေါ်နီနီဝင်း |
| | | ၃။ ဒေါ်ရီချို | ၁၀။ ဒေါ်ညိုညိုဝင်း |
| | | ၄။ ဒေါ်မြင့်စန်းသီ | ၁၁။ ဦးစောဝင်း |
| | | ၅။ ဦးဝင်းထိန် | ၁၂။ ဦးခင်ဇော် |
| | | ၆။ ဦးသောင်းဌေး | ၁၃။ ဒေါ်စိုးစိုး |
| | | ၇။ ဒေါ်အေးအေးမြင့် | ၁၄။ မမိုးစန္ဒာ |
| | | ၈။ ဒေါ်သင်းသင်းအေး | ၁၅။ မစိုးစန္ဒာ |
| **တရားလို** | | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားငှက်ချေးဝင်းကျေးရွာနေ တရားပြိုင် အမှတ်စဉ်(၄) ဒေါ်မြင့်စန်းသီ၊ တရားပြိုင် အမှတ်စဉ်(၅) ဦးဝင်းထိန်၊ တရားပြိုင်အမှတ်စဉ်(၆) ဦးသောင်းဌေး၊ တရားပြိုင် အမှတ်စဉ်(၁၂)ဦးခင်ဇော်နှင့် တရားပြိုင် အမှတ်စဉ်(၁၅) မစိုးစန္ဒာ (ယခု နေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပါအဝင် တရားပြိုင် (၁၅)ဦးအပေါ်၌ တရားလို ဒေါ်ကြွယ်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၇ရက် (၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဧပြီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လွဲလွဲလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဝေါမြို့နယ်တရားရုံး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း ဆရာတော် ဘဒ္ဒန္တဦးပဏ္ဍိစ္စ ရွှေတိဂုံစေတီတော် စေတိယင်္ဂန ဩဝါဒါစရိယ ဗဟန်းမြို့နယ် သံဃနာယက အတွင်းရေးမှူးဟောင်း သက်တော် (၉၀)၊ သိက္ခာတော် (၇၀)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ဘင်္ဂလားကျောင်းတိုက်ကြီး၏ နာယကချုပ် ရေဦးကျောင်းတိုက်ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တ ဦးပဏ္ဍိစ္စသည် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ၂၁-၄-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၄ရက်) ၂၅-၄-၂၀၂၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိစျာပနပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျောင်းရှိသံဃာနှင့် ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးမောင်မောင်လှ အသက်(၉၄) နှစ်

**ဥက္ကဋ္ဌ(ငြိမ်း)**
**(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ (ငြိမ်း) ဦးမောင်မောင်လှ အသက် (၉၄)နှစ် သည် ၁၇-၄-၂၀၂၁ ရက်တွင် နယူးဇီလန်နိုင်ငံ (Auckland)မြို့၌ ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဒေါ်နိုင်နိုင်ဦး အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ (ဦးလှအောင်-ဒေါ်ကြည်ညွန့်)တို့၏သမီး၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နေ (ဦးငြိမ်း-ဒေါ်ခင်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁)သစ်စက်ဝင်း၊ အရာရှိအိမ်ရာနေ ဦးစိန်ဝင်း( လက်ထောက်အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ မဆုဆင့်ဆက်ရွှန်းလဲ့နိုင် (ဟန်စိန်သန့်ကုမ္ပဏီ)၏ မိခင်သည် ၂၂-၄-၂၀၂၁ ရက် နံနက် ၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ဃ/၁၇၁၁၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားရွှေဇင် ၁၀/သဖရ (နိုင်)၁၃၇၁၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၆၁၁၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၀/ရမန(နိုင်)၁၇၉၃၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အကြောင်းပြရန် ပေးသည့် အကြောင်းကြားစာ မွန်ပြည်နယ်တရားလွှတ်တော် မော်လမြိုင်မြို့ ၂၀၂၀ ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် - ၈၈

| | | |
|---|---|---|
| ဦးဝင်းအောင် | နှင့် | ပြင်ဆင်မှုလျှောက်ထားသူ |
| ဒေါ်မေလဲ့စိုး | | ပြင်ဆင်မှုလျှောက်ထားခံရသူ |

ဒေါ်မေလဲ့စိုး(ဘ)ဦးစိုးမြင့် အမှတ် (၅)ရပ်ကွက်၊ ရွှေမြင့်မိုရ်ဘုရားလမ်း၊ မြဝတီမြို့ သိစေရမည်။

နှင့်

အထက်အမည်ပါ လျှောက်ထားသူ ဦးဝင်းအောင်က ဤရုံးသို့ မော်လမြိုင်ခရိုင် တရားရုံး၊ တရားမကြီးမှု အမှတ် - ၈၄/၂၀၁၈ အမှုတွင် ၂၄-၇-၂၀၂၀ ရက်က ချမှတ်သည့် အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်ထားချက်အတိုင်း အမိန့်မချမှတ်သင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၁ ခုနှစ် မေ ၂၇ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားနာပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**အမိန့်အရ-**

**(သိမ့်သိမ့်အေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် ဘားအံမြို့နယ် မဲရုံ ၂၃၀ ရုံ | ၃၇၀၇၅၂ | ၃၃၇၆၂၂ | ၈၀၁၇၇ | ၃၁၁၇ | ၃၆၇၄၂ |
| ၂ | ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မဲရုံ ၁၂၃ ရုံ | ၂၀၅၃၅၆ | ၁၈၇၄၆၀ | ၃၃၈၅၉ | ၁၈၆၃ | ၂၂၆၂၆ |
| ၃ | ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် မဲရုံ ၁၂၀ ရုံ | ၁၆၃၉၆၆ | ၁၆၄၇၉၃ | ၁၇၆၃၃ | ၄၁၃၇ | ၂၀၁၁၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၏ ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၇၃ ရုံ၊ စုစုပေါင်း ထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၂၂၇၀၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၃၈၉၈၅၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၂၈၅၇၊ မြေပြင်လက်ကျန် ၃၈၁၆၄၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၅၁၇၉၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၅၈၅ ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးကို တွေ့ရစဉ်။ (အဆိုပါရေထိန်းတံခါးက ဒေသ၏ စိုက်ပျိုးရေး လုပ်ငန်းများကို များစွာအကျိုးပြုသည့်အပြင် နွေရာသီကာလတွင် ပိတ်ထားပါက ပင်လယ်ရေငန်နှင့်နုန်းများ ဝင်ရောက်ခြင်းကို ကာကွယ်နိုင်ကြောင်း သိရသည်။) (သတင်း-စာမျက်နှာ-၂၄) ဓာတ်ပုံ-ဆန်းကျော်ဦး

## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက် ဝင်ရောက်ရန် အသိပေး

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ သင်ကြားရေး ဆရာ/ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် တနင်္လာနေ့ နောက်ဆုံးထား၍ မပျက်မကွက် (မပျက်မကွက်) ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က တရားမဝင် စင်ပြိုင်အစိုးရ ဖွဲ့စည်းခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထား

စာမျက်နှာ - ၇

## အမေရိကန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း သန်း ၂၀၀ ကျော်အထိ ရှိလာ

စာမျက်နှာ - ၁၄

## စပီဇီယာကို သရေကျပြီးနောက် စီးရီးအေ အမှတ်ပေးဖလား ဆွတ်ခူးရန် နီးစပ်လာခဲ့သည့် အင်တာမီလန်

အီတလီစီးရီးအေ ပွဲစဉ် (၃၂) အဖြစ် စပီဇီယာအသင်းနှင့် အင်တာမီလန်အသင်းတို့ ပွဲစဉ်ကို မေ ၂၂ ရက် နံနက်ပိုင်းက စပီဇီယာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။ စပီဇီယာအသင်းသည် တန်းဆင်းဇုန်အတွင်းမှ ကက်ဂလီယာရီ အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် ယနေ့ပွဲစဉ်ကို

စာမျက်နှာ ၇ ကော်လံ ၁ ❍

